ပုံစံ (မနသ-၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ-၁၁၄၄/၂၀၁၆ ။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ (ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးမောင်မောင်ဌေး

(ခ) **အဘအမည်** ဦးလှစိန်

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂/ကတတ(နိုင်) ၀၀၆၀၃၁

(ဃ) **နေရပ်လိပ်စာ** အမှတ် (၉/အေ)၊ ကမ္ဘောဇရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း** သိန်းမင်းစက်မှုလုပ်ငန်း အဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်- ၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၄၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင် အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ (ဝါကြိတ်စက်ရုံ) ရှိ စုစုပေါင်း မြေဧရိယာ ၉.၇၈ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၅၅၀.၀၀ သန်း (အမေရိကန်ဒေါ်လာ ၀.၅၀၂ သန်း အပါအဝင်) ကျပ် ငါးရာ့ငါးဆယ်သန်းခန့်

(ဈ) တည်ဆောက်မှုကာလ ၉ လ

(ည) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း ၃၀ နှစ်

၂၄/၃

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၃၂ /၂၀၁၆(မနသ)

၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော သိန်းမင်းစက်မှုလုပ်ငန်း အဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်- ၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၇၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင်အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ(ဝါကြိတ်စက်ရုံ) စုစုပေါင်းမြေဧရိယာ ၉.၇၈ ဧက (၃၉,၅၇၈.၂၉၁ စတုရန်းမီတာ) တွင် ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြု ပါရန် အဆိုပြုတင်ပြချက်အား(၁၁-၃-၂၀၁၆)ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၉/၂၀၁၆) အစည်းအဝေးမှ နှစ် ၃၀ သက်တမ်းကုန်ဆုံးမည့်အချိန်နီးမှသာ ကနဦး သက်တမ်းကို နှစ် ၅၀ သို့ တိုးမြှင့်ခွင့်ကို ပြန်လည်တင်ပြရန်နှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြု ကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် သိန်းမင်းစက်မှုလုပ်ငန်း အဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) အား ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၁၄၄/ ၂၀၁၆ ကို ထုတ်ပေးလိုက်သည်။

၂။ သိန်းမင်းစက်မှုလုပ်ငန်း အဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၁)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကိုထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က)အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို ပြန်လည် ရင်းနှီးမြှုပ်နှံရန် အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင် ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည်

ကန့်သတ်

ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(ဃ) အရ လုပ်ငန်းက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅)နှစ် ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ်အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ)ဥပဒေပုဒ်မ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကိုယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ၂၀(ဆ)အရ လုပ်ငန်းစတင် တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများပေါ်တွင် အကောက်ခွန်နှင့် အခြား ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ၂၀(ဇ)အရ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ ယာဥ်ယန္တရား၊ စက်ပစ္စည်းကိရိယာ၊ အဆောက်အဦ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဆ) ဥပဒေပုဒ်မ၂၀(ဈ)အရ လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်း အခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဇ) ဥပဒေပုဒ်မ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန်

လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၀(ဆ)အရ ပြည်ပမှ တင်သွင်းသည့် ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှုစသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ်ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစု ထားရှိရမည်။

၆။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုပြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (ယခင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)ပိုင် မုံရွာဝါကြိတ်စက်ရုံအား ငှားရမ်းခြင်း သဘောတူစာချုပ်အပေါ်သက်တမ်းတိုးမြှင့် လုပ်ကိုင်သည့် ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်ကို ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်ကိုက်ညီအောင် ပြန်လည်ချုပ်ဆိုရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း သက်တမ်းကာလမှာ မုံရွာဝါကြိတ်စက်ရုံအား ငှားရမ်းခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် ၄-၇-၂၀၁၂ ရက်နေ့မှစတင်၍ နှစ်(၃၀) ဖြစ်ပါသည်။ နှစ် ၃၀ သက်တမ်းကုန်ဆုံးမည့် အချိန်နီးမှသာ ကနဦးသက်တမ်းကို နှစ် ၅၀ သို့ တိုးမြှင့်ခွင့်ကို ပြန်လည် တင်ပြရမည်။ ထိုသို့စာချုပ်သက်တမ်းကာလ တိုးမြှင့်ခြင်းအား ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက် ရရှိပြီးမှသာ အတည်ဖြစ်သည်။

၈။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်းအတွက် တစ်နှစ်လျှင် ကျပ် ၂၅၉ သိန်း (ကျပ်

နှစ်ရာ ငါးဆယ့်ကိုးသိန်းတိတိ) အား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန(ယခင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၉။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေအငှားချထားသူ စိုက်ပျိုးရေး ဦးစီးဌာန(ယခင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် အငှားချထားခြင်းခံရသူ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) တို့မှပြင်ဆင်ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များအား ဆောင်ပြီးသည့်အခါ ယင်းသဘော တူစာချုပ် မိတ္တူ(၅) စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၁၀။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးတို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကော်မရှင် နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက် ရမည်။

၁၂။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာ တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည် စေရန် အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၁၃။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာ

ဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုတတ်စေရန် သင်တန်းများပေးရမည်။

၁၄။ ထို့ပြင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၅။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိဆောင်ရွက်ရမည်။

၁၆။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး (သုံး)လ အတွင်း ဤကော်မရှင် သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန်ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၇။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၈။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၉။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ်

တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင် တို့ကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စိစစ်တွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်း အဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၂(င)အရ နောင်တွင်မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၂၀။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၃ / မ- ၁၃၂၂ / ၂၀၁၆ (၄၆၂-၈)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အုပ်ချုပ်မှုဒါရိုက်တာ၊ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Company Limited)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် တင်ပြလာသော သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ
၁	အဆိုပြုချက်လက်ခံရရှိခြင်း	၂၀-၁-၂၀၁၆	-
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**		
	- စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့	၂၆-၁-၂၀၁၆	၁၉-၂-၂၀၁၆
	- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန	၂၆-၁-၂၀၁၆	၁၅-၂-၂၀၁၆
	- စက်မှုဝန်ကြီးဌာန (ပထမအကြိမ်)	၂၆-၁-၂၀၁၆	၁၀-၂-၂၀၁၆
	- စက်မှုဝန်ကြီးဌာန (ဒုတိယအကြိမ်)	၁၈-၂-၂၀၁၆	၂၄-၂-၂၀၁၆
	- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	၂၆-၁-၂၀၁၆	၈-၁-၂၀၁၆
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးတင်ပြခြင်း(၄/၂၀၁၆)	၂၅-၁-၂၀၁၆	-
၄	အဆိုပြုလွှာ လက်ခံကြောင်း ကုမ္ပဏီသို့ ပြန်ကြားခြင်း	၂၆-၁-၂၀၁၆	
၅	ကုမ္ပဏီမှ ပြင်ဆင်ပြီး အဆိုပြုလွှာ (၉)စုံ ပေးပို့ခြင်း	၁-၃-၂၀၁၆	
၆	**စုစုပေါင်းကြာမြင့်ရက်**	**(၄၁)ရက်**	

ကုမ္ပဏီအမည်	-	သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်
အဖွဲ့အစည်းပုံသဏ္ဌာန်	-	မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	ဂွမ်းကပ်မွှေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်- ၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၄၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင်အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက [လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ (ဝါကြိတ်စက်ရုံ)]
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၅၅၀.၀၀ သန်း (US$ ၀.၅၀၂ သန်းအပါအဝင်)
အရင်းကြေကာလ	-	၄ နှစ် ၁၀ လ
IRR	-	၁၈.၅၇ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်းလစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၂၅.၁၀၀ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၁၁၂.၈၁၁ သန်း	ကျပ် ၂၁၁.၃၅၁ သန်း
	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၃၈၇.၉၄၇ သန်း
၅	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၃၈၆.၁၀၀ သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်း နှစ်ဆယ် ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း(၁၃)ဦး
၇	CSR (၁%)		ကျပ် ၈.၃၁၆ သန်း
၈	မြေငှားရမ်းခ		ကျပ် ၇၇၇.၀၀၀ သန်း
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ဝန်ထမ်း (၁၀၅) ဦး အလုပ်အကိုင်ရရှိမည် ဖြစ်ပါသည်။
	စုစုပေါင်း	ကျပ် ၁၄၀.၀၇၁ သန်း	ကျပ် ၁,၇၇၁.၈၇၉ သန်း
	Cost : Benefit	၁ : ၁၂	

ကန့်သတ်

အကြောင်းအရာ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက် (Thein Min Industry Group Co., Ltd.) မှ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁	ကုမ္ပဏီအမည်	- သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်
၂	လုပ်ငန်းအဆိုပြုသူအမည်	- ဦးမောင်မောင်ဋ္ဌေး (အဘ- ဦးလှစိန်)
၃	အဆိုပြုလုပ်ငန်းအမျိုးအစား	- ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း Phase I ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ရန် Phase II ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ရာတွင် လိုအပ်သော ချည်နှင့် ပိတ်ကိုထုတ်လုပ်ရန် ယခုအဆိုပြုချက်မှာ Phase I ကို တင်ပြထားခြင်းဖြစ်ပါသည်။
၄	လုပ်ငန်းတည်နေရာ	- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်- ၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၄၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင်အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက [လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ (ဝါကြိတ်စက်ရုံ)]
	မြေပိုင်ရှင်	- စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
	မြေအကျယ်အဝန်း	- စုစုပေါင်းမြေဧရိယာ ၉.၇၈ ဧက (၃၉,၅၇၈.၂၉၁ စတုရန်းမီတာ)
	အဆောက်အဦ	၃၆ လုံး
	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခ	- ကျပ် ၂၅၉.၀၀ သိန်း
	မြေငှားသက်တမ်း	- ၃၀ နှစ် (၄-၇-၂၀၁၂ မှစ၍ ငှားရမ်းစာချုပ်စတင်ချုပ်ဆိုထားပြီး ၂၇ နှစ်ကျန်ရှိပါသည်)
၅	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ငွေပမာဏ စက်ပစ္စည်းကိရိယာများတန်ဖိုး (ပြည်ပ)	- **ကျပ် ၅၅၀.၀၀ သန်း (US$ ၀.၅၀၂ သန်းအပါအဝင်)** ကျပ် ၄၈.၀၀ သန်း ကျပ် ၅၀၂.၀၀ သန်း (US$ ၀.၅၀၂ သန်း)
၆	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ၃၀ နှစ်
၇	တည်ဆောက်ရေးကာလ	- ၉ လ
၈	ရောင်းချမည့်နည်းစနစ်	- ပြည်တွင်း ၁၀၀ %
၉	ထုတ်လုပ်မှုနှင့် ရောင်းချမှုဈေးနှုန်း (၆နှစ်မြောက်)	-

အမျိုးအစား	ရေတွက်ပုံ	ထုတ်လုပ်မှု အရေအတွက်	ရောင်းဈေးနှုန်း (ကျပ်)
ဂွမ်းကပ်မွေ့ယာ (၆ ပေ x ၇ ပေ)	Pcs	၉၅,၆၂၅	၈,၅၀၀
ဂွမ်းကပ်မွေ့ယာ (၃.၅ ပေ x ၇ ပေ)	Pcs	၆၂,၅၀၀	၆,၀၀၀
ဂွမ်းကပ်စောင် (၃.၅ ပေ x ၆.၅ ပေ)	Pcs	၃၀,၂၅၀	၅,၅၀၀
ကြွယ်ဂွမ်း	Viss	၃၄,၇၅၀	၁,၇၀၀
ဝါစေ့	Viss	၄၅၀,၇၅၀	၃၅၀

၁၀	ကုမ္ပဏီဝင်ငွေ(၆ နှစ်မြောက်)	- ကျပ် ၁,၅၇၆.၈၈ သန်း
	ကုမ္ပဏီအသုံးစရိတ်(၆ နှစ်မြောက်)	- ကျပ် ၁,၄၇၆.၆၆ သန်း
	ကုမ္ပဏီအသားတင်အမြတ် (၆ နှစ်မြောက်)	- ကျပ် ၁၀၀.၂၂ သန်း
၁၁	ဝန်ထမ်းအင်အားစုစုပေါင်း(ပထမနှစ်)	- ၁၀၅ ဦး
	ပြည်တွင်း	- ၁၀၅ ဦး (ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၃၀၀,၀၀၀)
	ပြည်ပ	- ၃ ဦး (အချိန်ပိုင်း)
၁၂	အရင်းကြေကာလ	- ၄ နှစ် ၁၀ လ
၁၃	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း(IRR)	- ၁၈.၅၇ %
၁၄	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၆ နှစ်မြောက်)	
	ဝင်ငွေခွန်	- ကျပ် ၃၃.၄၁ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၇၈.၈၄ သန်း - အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်တင်ပြထားပါသည်။
၁၅	နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်	- ၅၄၈,၇၀၆ ယူနစ် (၅၀၀ ကေဗွီအေ)
၁၆	ငွေကြေးအထောက်အထား	- Thein Min Industry Group Co., Ltd. သည် Kanbawza Bank တွင် ၃၁-၉-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၁,၇၄၀,၀၄၉,၆၄၅ ရှိကြောင်း အထောက်အထားတင်ပြထားပါသည်။
၁၇	အခြား	- သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့၏ ကုမ္ပဏီအထောက်အထားအဖြစ် ကုမ္ပဏီအမှတ်- ၁၅၆၇ / ၂၀၀၅-၂၀၀၆ (၁၀-၁၁-၂၀၀၅) ရက်စွဲဖြင့် မှတ်ပုံတင်ထားသည့် အထောက်အထား နှင့် ၉-၁၁-၂၀၁၉ ရက်နေ့အထိ သက်တမ်းရှိကြောင်း ကုမ္ပဏီမှတ်ပုံတင်ကတ်နှင့် Form 6 ၊ Form 26၊ မှတ်ပုံတင်မိတ္တူကို တင်ပြ ထားပါသည်။ - ကုမ္ပဏီ၏ အမြတ်ငွေထဲမှ CSR အတွက် ၁ % သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၃/ မ-၁၃၂၂/ ၂၀၁၆(၃၆၇)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် မတ်လ ၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက် (Thein Min Industry Group Co., Ltd.) မှ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက် (Thein Min Industry Group Co., Ltd.) သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်-၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၄၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင်အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက [လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ(ဝါကြိတ်စက်ရုံ)] စုစုပေါင်း မြေဧရိယာ ၉.၇၈ ဧက(၃၉,၅၇၈.၂၉၀ စတုရန်းမီတာ) ပေါ်ရှိ အဆောက်အဦများနှင့် စက်ပစ္စည်းများအား နှစ်ရှည်ငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမောင်မောင်ဌေး (အဘ-ဦးလှစိန်) မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် ၂၂/၂၀၁၂ (၁၄-၆-၂၀၁၂)အရ ငှားရမ်းမှုသက်တမ်း (၃၀) နှစ်ကို ခွင့်ပြုထားပါသည်။ ပြုပြင်မွမ်းမံမှုကာလမှာ ၉ လ ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ငှားရမ်းရေးသဘောတူစာချုပ်အား ၄-၇-၂၀၁၂ မှ စတင်ချုပ်ဆိုထားပြီး လက်ကျန်သက်တမ်း ၂၇ နှစ်ဖြစ်ပါသည်။ နှစ်စဉ် မြေနှင့်စက်ရုံ ငှားရမ်းခမှာ မြေဧရိယာ (၉.၇၈) ဧက (၃၉,၅၇၈.၂၉၀ စတုရန်းမီတာ) အတွက် ကျပ် ၂၅၉.၀၀ သိန်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တင်ပြထားပါသည်။

၃။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ကျပ် ၅၅၀.၀၀ သန်း (US$ ၀.၅၀၂ သန်း အပါအဝင်)ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	ကျပ် (သန်း)
ငွေပမာဏ	၄၈.၀၀
စက်ပစ္စည်းကိရိယာများတန်ဖိုး (ပြည်ပ)	၅၀၂.၀၀ (US$ ၀.၅၀၂ သန်း)
စုစုပေါင်း	၅၅၀.၀၀

၄။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းဝန်ထမ်း(၁၀၅)ဦး ခန့်ထားမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ၏ ဝန်ထမ်းများသာ ဖြစ်ပါသည်။ ပြည်ပမှ ကျွမ်းကျင်သူ (၃)ဦးအား အချိန်ပိုင်းဖြင့် ခန့်ထားမည်ဖြစ်ပါသည်။ အနိမ့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိသော ဝါးကပ်မွေ့ယာနှင့် ဝါးကပ်စောင်များကို ပြည်တွင်း၌ ၁၀၀ % ရောင်းချမည်ဖြစ်ပါသည်။ လုပ်ငန်းမှ ထွက်ရှိသောဝါးကပ်မွေ့ယာနှင့် ဝါးကပ်စောင်များအား ရွှေကျားတံဆိပ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးအစား	ရေတွက်ပုံ	ထုတ်လုပ်မှု	ရောင်းဈေးနှုန်း (ကျပ်)
ဝါးကပ်မွေ့ယာ (၆ ပေ x ၇ ပေ)	Pcs	၉၅,၆၂၅	၈,၅၀၀
ဝါးကပ်မွေ့ယာ (၃.၅ ပေ x ၇ ပေ)	Pcs	၆၂,၅၀၀	၆,၀၀၀
ဝါးကပ်စောင် (၃.၅ ပေ x ၆.၅ ပေ)	Pcs	၃၀,၂၅၀	၅,၅၀၀
ကြွယ်ဝါး	Viss	၃၄,၇၅၀	၁,၇၀၀
ဝါစေ့	Viss	၄၅၁,၇၅၀	၃၅၀

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီမှ ၆ နှစ်မြောက်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပြီး အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ၁,၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်-

စဉ်		ကျပ် (သန်း)
(က)	ဝင်ငွေ	၁,၅၇၆.၈၈
(ခ)	အသုံးစရိတ်	၁,၄၇၆.၆၆
(ဂ)	အသားတင်အမြတ်	၁၀၀.၂၂

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်) တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၃၃.၄၁ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၇၈.၈၄ သန်း ရရှိမည်ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ အရင်းကြေကာလမှာ ၄ နှစ် ၁၀ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ် နှုန်း (IRR) မှာ ၁၈.၅၇ % ဖြစ်ပါသည်။

၈။ အဆိုပြုချက်နှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထားပြန်ကြား လာပါသည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**မှ (၁၅-၂-၂၀၁၆) ရက်နေ့တွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့(Cabinet) အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၆) ဆုံးဖြတ်ချက်(၄၀)အရ အဆိုပြုတင်ပြခြင်းအပေါ် ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(က)**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြား ထားပါသည်-

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်း ဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန် နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှုပေါင်း ဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၁%) အား အသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ် များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) ကိုဆောင်ရွက်ပြီး အစီရင်ခံစာ ရေးသားတင်ပြရန်။

(၃) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်/ အစိုင်အခဲ စီမံခန့်ခွဲမှု အစီအစဉ် စောင့်ကြည့် လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက် မည့်လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏

သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် Green Enviro Services Ltd. နှင့် အပ်နှံထားကြောင်း တင်ပြထားပါသည်။

နောက်ဆက်တွဲ (ခ)

(ဂ) **စက်မှုဝန်ကြီးဌာန** မှ လိုအပ်ချက်များ မှတ်ချက်ပြုထားခြင်းအပေါ် **ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို စက်မှုဝန်ကြီးဌာနမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။**

နောက်ဆက်တွဲ(ဂ)

(ဃ) **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အဆိုပြုကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အကြံပြုချက်များ၊ သဘောထား မှတ်ချက်များအတိုင်း ပြင်ဆင်ပြီးဖြစ်ပါ၍ စိုက်ပျိုးရေး ဦးစီးဌာန၏ တင်ပြချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဃ)**

၉။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Thein Min Industry Group Co., Ltd. သည် Kanbawza Bank တွင် ၃၁-၉-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၁,၇၄၀,၀၄၉,၆၄၅ ရှိကြောင်း တင်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသား ၇ ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး၊ နိုင်ငံခြားမှ နိုင်ငံခြားသား မည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်မှုအတွက် စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်များကိုလည်း တင်ပြထားပါသည်။

၁၁။ လုပ်ငန်းဆောင်ရွက်ရာတွင် ဝါစိုက်တောင်သူများအား လိုအပ်သော စိုက်ပျိုးစရိတ်များကို အတိုးမဲ့ငွေချေးပေးခြင်း၊ စိုက်ပျိုးထွန်ယက်ရာတွင်အသုံးပြုမည့် စက်ပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ ရိတ်သိမ်းစက်စသည်တို့၏ လိုအပ်သောတာယာများပံ့ပိုးပေးခြင်း၊ ဝါစိုက်တောင်သူများ စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာများ ပိုမိုရရှိစေရန်အတွက် ကျွမ်းကျင်သော စိုက်ပျိုးရေး ပညာရှင်များအား ဖိတ်ခေါ်၍ အခမဲ့သင်တန်းများပို့ချခြင်း၊ လိုအပ်သည့် သင်တန်းများ စေလွှတ်ခြင်း၊ အထွက်ကောင်းသော ဝါမျိုးစေ့များအား သက်သာသည့်နှုန်းထားများဖြင့် ဝါစိုက်တောင်သူများသို့ ဖြန့်ဝေပေးခြင်း၊ စက်ရုံ၏ ပတ်ဝန်းကျင်တွင် နေထိုင်သော ပြည်သူများအတွက် ရေတွင်းမှ ရေကိုသန့်စင်ပြီး သောက်ရေအဖြစ် အခမဲ့လှူဒါန်းခြင်း၊ မုံရွာမြို့ မီးသတ်ဦးစီးဌာနအတွက် လိုအပ်သော မီးသတ်ပစ္စည်း၊ အသုံးအဆောင်များ၊ ဝတ်စုံများနှင့် အုပ်ချုပ်မှုအထောက်အကူ ယာဉ်လှူဒါန်းခြင်း၊ မုံရွာပြည်သူ့ဆေးရုံနှင့် ဘိုးဘွားရိပ်သာအတွက် လိုအင်သော ဆေးပစ္စည်းများ လှူဒါန်းခြင်း

စသည့်တို့အတွက် အသားတင်အမြတ်ငွေ၏ ၁ % အား လူမှုဘဝသာယာဝပြောရေး အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အား ရရှိပါက သုံးစွဲမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မရရှိသော အချိန်တွင် ကိုယ်ပိုင်မီးစက်ဖြင့် သုံးစွဲမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၃။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော ၄/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၁၊ ပုဒ်မ ၂၀ (က၊ ဂ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည) တို့အရ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၅။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်၏ လုပ်ငန်းရည်မှန်းချက်အား တင်ပြထားပါသည်။ စီမံကိန်း အဆင့်(၁) ရည်မှန်းချက်အဖြစ် အဆိုပြုလုပ်ငန်းမှ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်မှုလုပ်ငန်းအပြင် ယခင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖြို့ဖျက်ပြီးစီးသော သက်သာနှစ်ထပ်ဆိုင်ခန်း (၂၇) ခန်း နေရာ၌ နှစ်ထပ်ဆိုင်ခန်း (၇) ခန်း တည်ဆောက်ပြီး၊ မိမိစက်ရုံ ထွက်ကုန်ပစ္စည်း အရောင်းဆိုင်ခန်း၊ ဝါစိုက်တောင်သူများ စိုက်ပျိုးရေးတွင် အထွက်တိုးစေရန်အတွက် ဓာတ်မြေသြဇာ အရောင်းဆိုင်၊ ကုမ္ပဏီ၏ စီးပွားဖက် ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်း (ယက္ကန်းအပိုပစ္စည်း၊ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင် အရောင်းဆိုင်၊ အသေးစား ငွေချေးလုပ်ငန်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် အပိုပစ္စည်း၊ တာယာအရောင်းဆိုင်) များကို ဒေသခံပြည်သူများနှင့် ဝါစိုက်တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရေးရည်ရွယ်၍ ဖွင့်လှစ်ရောင်းချခြင်းအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း ထောက်ခံစာ တင်ပြထားပါသည်။

(ခ) ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်နိုင်ရန် အိန္ဒိယနိုင်ငံမှ စက်၊ စက်ပစ္စည်းများကို တင်သွင်းတပ်ဆင်ပြီး နည်းပညာပိုင်းနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသား ကျွမ်းကျင်သူပညာရှင် ကိုယ်တိုင်လာရောက်ပြီး ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ ဂွမ်းကပ်မွေ့ယာ နှင့် ဂွမ်းကပ်စောင်များ၏ အရည်အသွေး အဆင့်အတန်းမှာ India Standard ဖြစ်ပါကြောင်း တင်ပြထားပါသည်။

(ဂ) အဆင့်(၂) စီမံကိန်း ရည်မှန်းချက်အဖြစ် ထုတ်လုပ်မှု တိုးချဲ့ခြင်းအပြင် ဂွမ်းကပ်နှင့် စောင်ထုတ်လုပ်ရာတွင် အသုံးပြုသော ချည်နှင့်ပိတ်စကို ပြင်ပလုပ်ငန်းများမှ ဝယ်ယူ အသုံးပြုနေရမည့်အစား နောင်တွင် မိမိစက်ရုံမှ ထုတ်လုပ်နိုင်ရန် ရည်မှန်းချက် တစ်ရပ်ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

(ဃ) **ငှားရမ်းရေးသဘောတူစာချုပ်** အား စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနအမည်ဖြင့် ၄-၇-၂၀၁၂ ရက်နေ့တွင်ချုပ်ဆိုခဲ့ပြီး ပင်မစက်ရုံအပါအဝင် စက်မှုဆိုင်ရာအဆောက် အဦ (၃၃) လုံး၊ ဝန်ထမ်းအိမ်ယာ အဆောက်အဦ (၃) လုံးပါရှိပါသည်။ ငှားရမ်းခ အနေဖြင့် မြေ၊ စက်ရုံအဆောက်အဦနှင့် စက်ပစ္စည်းများ အပါအဝင် တစ်နှစ်လျှင် ကျပ် ၂၅၉ သိန်းဖြင့် ၄-၇-၂၀၁၂ ရက်နေ့မှစ၍ ၃၀ နှစ် ငှားရမ်းခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၂၂/၂၀၁၂ (၁၄-၆-၂၀၁၂) မှ ခွင့်ပြုထားပါသည်။

(င) **ငှားရမ်းခြင်းသဘောတူစာချုပ်အား ဒုတိယအကြိမ် ပြင်ဆင်ချက်ကို** ၁၅-၁-၂၀၁၆ ရက်နေ့တွင်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စိုက်ပျိုး ရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးဦးစီးဌာနအမည်ဖြင့် ထပ်မံပြင်ဆင် ဖွဲ့စည်း ခဲ့သည်က တစ်ကြောင်း၊ ငှားရမ်းဧရိယာတွင် ဝါကြိတ်လုပ်ငန်းနှင့် ဆက်စပ်သည့် ဂွမ်းကပ်မွေ့ယာ ထုတ်လုပ်သည့်လုပ်ငန်း ထပ်မံတိုးချဲ့ ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါ ဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့် ပိတ်စထုတ်လုပ်ခြင်းအတွက် လိုအပ်သော စက်ပစ္စည်းများ ထပ်မံတပ်ဆင်၍ စက်ရုံ၌ပင် ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လိုသည်ကတစ် ကြောင်း၊ ငှားရမ်းခြင်းကာလအား ၄-၇-၂၀၁၂ ရက်နေ့မှစ၍ ၅၀ နှစ်ဖြစ်ပြီး သက်တမ်းတိုးလိုပါက အငှားချထားသူ၏ အတည်ပြုချက်ဖြင့် တစ်ကြိမ်လျှင် ၁၀ နှစ် သက်တမ်းဖြင့် သက်တမ်း ၂ ကြိမ် တိုးမြှင့်နိုင်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၂၂/၂၀၁၂ (၁၄-၆-၂၀၁၂) မှ နှစ် ၃၀ ခွင့်ပြုခဲ့ခြင်းကို ကော်မရှင်မှ ခွင့်ပြုပါက လုပ်ငန်းသက်တမ်းမှာ ၄-၇-၂၀၁၂ မှ ၃-၇-၂၀၄၂ အထိ (၃၀) နှစ်ဖြစ်ပါသည်။ နှစ် ၃၀ သက်တမ်းကုန်ဆုံးခါနီးတွင် အဆိုပြုတင်ပြသည့် ၅၀ နှစ်အတွက် ထပ်မံသက်တမ်းတိုးခွင့်အား လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြနိုင်ကြောင်း စိစစ်ရပါသည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀-၆-၂၀၁၂ ရက်နေ့တွင် ထုတ်ပေးထားသော စာအမှတ်၊ ၂၄/၂၅၇/အဖရ (၂၂/၂၀၁၂) တွင် နိုင်ငံပိုင် မုံရွာဝါကြိတ်စက်ရုံအား ပုဂ္ဂလိကသို့ ဘီအိုတီစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန်ဟု ဖော်ပြပါရှိပြီး ကုမ္ပဏီ မှ တင်ပြထားသော သဘောတူစာချုပ်တွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မုံရွာ

ဝါကြိတ်စက်ရုံအား ငှားရမ်းခြင်းသဘောတူစာချုပ်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

(ဇ) သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်သည် (၂၀-၃-၂၀၁၅) ရက်စွဲဖြင့် ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ပေးဆောင်ပြီးဖြစ်ကြောင်း အထောက်အထားများ တင်ပြထားပါသည်။ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် အပြီးသတ်စည်းကြပ်ရန်အခွန်များကို ပေးဆောင်ရန်စီစဉ်လျက်ရှိကြောင်း တင်ပြထားပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ ကွင်းအမှတ်-၂၉.ဘူတာရုံ၊ ဦးပိုင်အမှတ် ၈+၁၀ ရှိ မြေဧရိယာ ၃.၉၄၇ ဧက၊ ကွင်းအမှတ်-၃၁.ရပ်သာ၊ ဦးပိုင်အမှတ် ၃၀ ရှိ မြေဧရိယာ ၃.၅၂၃ ဧက နှင့် ကွင်းအမှတ်- ၆၇၃. ထန်းတော၊ ဦးပိုင်အမှတ် ၃၁ ရှိ မြေဧရိယာ ၂.၃၁ ဧက [လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် မုံရွာ(ဝါကြိတ်စက်ရုံ)] စုစုပေါင်း မြေဧရိယာ ၉.၇၈ ဧက (၃၉,၅၇၈.၂၉၁ စတုရန်းမီတာ)ပေါ်ရှိ အဆောက်အဦများနှင့် စက်ပစ္စည်းများအား ငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

စာအမှတ်၊ ၂ / ၃ -၁၂၄ (၁၁၂၁) / ဦး၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)သစ္စာလမ်း၊ရန်ကင်းမြို့နယ်

ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၆. ၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၃/မ ၁၃၃၂/၂၀၁၆(၁၃၅)

၁။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry GruopCo,Ltd) သည် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင် မုံရွာ(ဝါကြိတ်စက်ရုံ) မြေဧရိယာ(၉. ၇၈)ဧက၊(၃၉,၅၇၈. ၂၉၁) စတုရန်းမီတာပေါ်ရှိ အဆောက်အဦးများနှင့် စက်ပစ္စည်းများအား ငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးမောင်မောင်ဌေး (အဘ-ဦးလှစိန်)မှ အဆိုပြုတင်ပြလာခြင်းနှင့်ပတ်သက်၍ သဘောထားပြန်ကြားပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းစာဖြင့် မေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်ချက်အရ အောက်ပါအချက်များကို စိစစ်တွေ့ရှိရပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် မြို့ဧရိယာအတွင်းတည်ရှိပြီး တည်ဆောက်ပြီးစက်ရုံဖြစ်သဖြင့် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်မှုမရှိပါ၊

(ခ) စက်ရုံအားချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသထွက်ကုန်ထုတ်လုပ်မှု တိုးတက်လာမည့်အပြင် ဒေသတွင်း လူများအနေဖြင့် အလုပ်အကိုင်ရရှိလာနိုင်မည်ဖြစ်ပါသည်၊

(ဂ) ဝါကြိတ်စက်ရုံဖြစ်သဖြင့် မီးဘေးလုံခြုံရေးအား စနစ်တကျ ဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ပါသည်၊

(ဃ) ဝါကြီတ်စက်ရုံ မြေနေရာသည် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အောက်တွင်တည်ရှိပြီး စက်ရုံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြေနေရာဖြစ်သဖြင့် လက်ရှိ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်သောမြေနေရာဖြစ်ပါသည်၊

၃။ သို့ဖြစ်ပါ၍ (၁၅. ၂. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သောစစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ (Cabinet) အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆)ဆုံးဖြတ်ချက် (၄၀)အရ သိန်းမင်းစက်မှုလုပ်ငန်း အဖွဲ့ ကုမ္ပဏီလီမိတက်မှ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနပိုင်၊ မုံရွာဝါကြိတ်စက်ရုံ မြေဧရိယာ (၉. ၇၈)ဧကပေါ်ရှိ အဆောက်အဦးများနှင့်စက်ပစ္စည်းများအား ငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်းအပေါ် ကန့်ကွက်ရန်မရှိကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

၁၈. ၂. ၂၀၁၆

(သာအေး)
ဝန်ကြီးချုပ်

မိတ္တူကို-

ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊မုံရွာမြို့
မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊မုံရွာမြို့
ဦးမောင်မောင်ငွေ၊ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်
Cabinet ဌာနခွဲ၊စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ရုံးလက်ခံ/မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/MIC(OSS)/ECD/၀၁(၄၁/၁၆)
ရက် စွဲ၊၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်

1-298
6/2/16

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်မှ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၆-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၃/ န-၁၃၂၂/ ၂၀၁၆(၁၃၈)

၁။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက် (Thein Min Industry Group Co., Ltd.)သည် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင် မုံရွာ(ဝါကြိတ်စက်ရုံ)မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိမြေဧရိယာ ၉.၇၈ ဧက(၃၉၅၇၈.၂၉၁စတုရန်းမီတာ)ပေါ်ရှိအဆောက်အဦးများနှင့်စက်ပစ္စည်းများအားငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင်ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှစ်(၁၀)နှစ်သက်တမ်းတိုး(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ (၉)လခန့် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့်ပထမနှစ်တွင်ဂွမ်းကပ်မွေ့ယာ (6' × 7') ၄၈၀၀၀ ထည်၊ ဂွမ်းကပ်မွေ့ယာ (3.5'×7') ၂၇၅၀၀ထည်၊ ဂွမ်းကပ်စောင် (3.5' × 6.5') ၁၃၉၀၀ထည်ထုတ်လုပ်သွားမည်ဖြစ်ပြီး(၁၀)နှစ်အတွင်းဂွမ်းကပ်မွေ့ယာ(6'×7')၉၅၆၂၅ထည်၊ ဂွမ်းကပ်မွေ့ယာ (3.5'×7') ၆၂၅၀၀ ထည်နှင့်ဂွမ်းကပ်စောင်(3.5'×6.5') ၃၁၂၅၀ထည်အထိတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လုပ်ငန်းခွင်သာယာရေးနှင့်ပန်ထမ်းသက်သာချောင်ချိရေးစီမံချက်၊ မီးဘေးအန္တရာယ်ကာကွယ်

ရေးနှင့် မီးငြိမ်းသတ်ရေးစီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်မှရရှိလာသော အသားတင်အမြတ်ငွေ၏(၁%)ကို လူမှုရေးဆိုင်ရာတာဝန်ခံပူးပေါင်းဆောင်ရွက်မှု(Corporate Social Responsibility-CSR)လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍လုပ်ငန်းဆောင်ရွက်မည့်နေရာဒေသ၏လေထု၊ ရေထုနှင့်မြေထုညစ်ညမ်းခြင်းနှင့်အခြားသော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးခြင်းအား ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့မှ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များ ထုတ်လုပ်ခြင်းကြောင့် ဂွမ်းနှင့်ပိတ်ဖြတ်စစွန့်ပစ်ပစ္စည်းများကြောင့် မြေထုညစ်ညမ်းခြင်း၊ ထွက်ရှိလာမည့်အမှုန်အမွှား၊ ဖြတ်စများကြောင့် လေထုညစ်ညမ်းခြင်းနှင့် ဝန်ထမ်းများ၏အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်နိုင်ခြင်း၊ အသုံးပြုသောစက်များ၏ ဆူညံသံများကြောင့်ပတ်ဝန်းကျင်ပြည်သူများအနှောက်အယှက်ဖြစ်စေခြင်းအစရှိသော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့မှဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံပူးပေါင်းဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏(၁%)အား အသုံးပြုခြင်းတို့ အပါအဝင်ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက်ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial

Environmental Examination – IEE)ကို ဆောင်ရွက်ပြီးအစီရင်ခံစာ ရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်/ အစိုင်အခဲစီမံခန့်ခွဲမှုအစီအစဉ် စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Manangement Plan - EMP)ကို ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင် ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ/ နည်းဥပဒေ/ လုပ်ထုံးလုပ်နည်းများနှင့်အညီလိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂) ၂၀၁၅-၂၀၁၆ (၃၉၃၅)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

7-262
11/2

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၆.၁.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃/ မ-၁၃၂၂/ ၂၀၁၆ (၁၃၆)

၁။ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွာ(ဝါကြိတ်စက်ရုံ)တွင် ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ကုန်ကြမ်း/ကုန်ချောပစ္စည်းများ သိုလှောင်ရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ပက်၊ ခွဉ်းတင်ပြထားမှုနှင့် သုံးဘက်ကုန်ရောင်းဈေးနှုန်း ခ်ီလျော့မှု ရှိပါသည်။

(စ) ထုတ်ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းသုံးစွဲမှုနှုန်း တင်ပြထားခြင်းမရှိသဖြင့် နှစ်အလိုက် ကုန်ကြမ်းလိုအပ်ချက် စိစစ်မရပါ။ ထို့ကြောင့် ကုန်ကြမ်းသုံးစွဲမှုနှုန်းတင်ပြရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက်မှ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၀.၂.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း- ၀၁-၆၅၈၁၂၈
ဖက်(စ်) - ၀၁-၆၅၈၁၄၁

စာအမှတ်၊ ရင- ၃/မ-၁၃၂၂/၂၀၁၆ (၂၆၆)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်

356
412

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက် မှ ဂွမ်းကပ်မွေ့ယာနှင့် ဂွမ်းကပ်စောင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းအတွက် ပေးပို့ခဲ့သော လုပ်ငန်းနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက် သည့် ဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်တင်ပြလာပါသဖြင့် ၎င်းပြင်ဆင်ချက်ကို အောက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၈.၂.၂၀၁၆

အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁	စက်မှုဝန်ကြီးဌာန	(ဝင်းနိုင်) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ✓ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	၂၄/၂
၂	အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း	ဦးအောင်မျိုး [illegible]	[illegible]	လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	

မိတ္တူကို

ရုံးလက်ခံ/မျှောဘတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၁/ Thein Min (၉၄ /၂၀၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၈ ရက်

1-261
11/2

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၆.၁.၂၀၁၆) ရက်စွဲပါစာ အမှတ်၊ ရက-၃/မ-၁၃၂၂/၂၀၁၆ (၁၃၇)

၁။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ ကုမ္ပဏီလီမိတက် (Thein Min Industry Group Co., Ltd) သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မုံရွာဝါကြိတ်စက်ရုံ မြေဧရိယာ (၉.၇၈)ဧက (၃၉,၅၇၈.၂၉၁စတုရန်းမီတာ) ပေါ်ရှိ အဆောက်အဦနှင့်စက်ပစ္စည်းများအားငှားရမ်း၍ ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်စောင်များထုတ် လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက် တောင်းခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များအတိုင်း ပြင်ဆင်ပြီးဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာန၏ တင်ပြချက်အရ လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန အနေဖြင့် ကန့်ကွက် ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး(ကိုယ်စား)
(သက်နိုင်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူ။

- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဇယားဦးစီးဌာန
- လက်ထောက်အတွင်းဝန်၊ အဖွဲ့ခွဲ(၄) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စက်မှုသီးနှံ ဖွံ့ဖြိုးရေး ဦးစီးဌာန၊

မုံရွာ (ဝါကြိတ်စက်ရုံ)ကို

သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့ကုမ္ပဏီလီမိတက်

မှ

နှစ်ရှည်ငှားရမ်းပြီး

ဂွမ်းကပ်မွေ့ယာနှင့်ဂွမ်းကပ်ခေါင်းများ

ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်လုပ်ငန်း

အဆိုပြုတင်ပြခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ (   ) ရက်

ထိပ်တန်းလျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၄ / ၂၅၇ / အဖရ (၂၂/၂၀၁၂) ။

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်။

အ မှာ စာ

အကြောင်းအရာ။ နိုင်ငံပိုင် မုံရွာ ဝါကြိတ်စက်ရုံအား ပုဂ္ဂလိကသို့ ဘီအိုတီစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ။

ဦးပိုင်	ခုနှစ်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည်/ဂရန်ရှင်/ အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	အခွန်တော်သင့်ငွေ (ခိုင်ကြေးအပါအဝင်) (ကျပ်)	မည်ကဲ့သို့ပြောင်းလဲသည့်ညွှန်ပြချက်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉
၈	၂၀၁၈	[illegible]	[illegible]	[illegible]	၃.၅၃၄	–	[illegible]	
၁၀	၂၀၁၈	[illegible]	[illegible]	[illegible]	၀.၄၁၃	–	[illegible]	



ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

လျှောက်ထားသူ - [illegible]

လျှောက်လွှာတင်သည့်နေ့စွဲ - [illegible]

လျှောက်သူသို့ လက်ခံပေးသည့်နေ့စွဲ - [illegible]

နေ့ကူးပေးသည့် အကြောင်းအရာ - [illegible]

ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ပြုသည်)

အထက်ပါနေ့ကူးဖော်ပြသော အကြောင်းအရာတို့မှာ ၂၀၁၈ ခုနှစ်အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့် မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံရေးကူးကြောင်း သက်သေခံပါသည်။

အမှုတွဲထိန်း / မြေတိုင်းစာရေးလက်မှတ်

လ[illegible]ကာက်ဦးစီးမှူး

မြို့[illegible]ဌာန

မြေစာရင်းပုံစံ – ၁၀၅

2015 - 0407567

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

K 300

တိုင်းဒေသကြီး/ ~~ပြည်နယ်~~ [illegible]	
ခရိုင် [illegible]	
မြို့နယ်/ ~~မြို့နယ်ခွဲ~~ [illegible]	
ရပ်ကွက်/ ~~ကျေးရွာအုပ်စု~~ [illegible]	
ကွင်း/ အကွက်အမှတ်နှင့်အမည် [illegible]	
ဦးပိုင်အမှတ်/ ~~မြေကွက်အမှတ်~~ [illegible]	[illegible]

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ/ ပိုင်ရှင်/ ဂရန်ရှင်/ အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေပုံနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
[illegible]	[illegible]	[illegible]	[illegible]	[illegible]	–

ရေးကူးပေးသည့်အကြောင်းအရာ	[illegible]

(အထက်ပါပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် – [illegible]

လျှောက်လွှာတင်သည့်နေ့စွဲ – [illegible]

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ – [illegible]

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော ([illegible]) ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်းမြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် –

နေ့စွဲ –

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် –


နေ့စွဲ –

စိစစ်အတည်ပြုပါသည်။

ဦးစီးအရာရှိ

မြို့နယ်မြေစာရင်းဦးစီးဌာန/မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲရေးနှင့်တရားဝင်ဦးစီးဌာန

နေ့စွဲ



လက်ထောက်ဦးစီးမှူး

မြို့နယ် ... ဦးစီးဌာန

ဦးစီးအရာရှိ

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်တရင်းအင်းဦးစီးဌာန

မုံရွာမြို့

မြေစာရင်းပုံစံ - ၁၀၆

ဦးပိုင်တစ်ခု၏ ရာဇဝင်

ခရိုင် [illegible] မြို့နယ် ---- ရေကြည် ---- မြေတိုင်းစာရေးအုပ်စု ---- [illegible] ---- ကွင်း/အကွက်အမှတ်နှင့် အမည် ---- [illegible] ----

ဦးပိုင်	ခုနှစ်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည်/ဂရန်ရှင်/ အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	အခွန်တော်သတ်ငွေ (ခိုင်ကြေးအပါအဝင်) (ကျပ်)	မည်ကဲ့သို့ပြောင်းလဲသည့်ညွှန်ပြချက်	မှတ်ချက်
		၃	၄	၅	၆	၇	၈	၉
၁၀	၂၀၁၈	[illegible] (၁၁) ရေကြည်	ဗ	[illegible]	၃.၁၂၃	-	[illegible] ၁၂.၁၂.၂၀၁၇ [illegible] ဦးစိုးအောင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ရေကြည်မြို့	

K 300

လျှောက်ထားသူ - [illegible] ([illegible]) ။

လျှောက်လွှာတင်သည့်နေ့စွဲ - ၁.၂.၂၀၁၈

လျှောက်သူသို့ လက်ခံပေးသည့်နေ့စွဲ - ၁.၂.၂၀၁၈ ။

ရေးကူးပေးသည့် အကြောင်းအရာ - [illegible]

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ပြုသည်)

အထက်ပါရေးကူးဖော်ပြသော အကြောင်းအရာတို့မှာ ၂၀၁၈ ခုနှစ်အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့် မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံရေးကူးကြောင်း သက်သေခံပါသည်။

အမှုထမ်း / မြေတိုင်းစာရေးလက်မှတ်


မြေစာရင်းပုံစံ – ၁၀၅

2015 - 0407566

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

SLRD

၃၀၀ ကျပ် K-300

တိုင်းဒေသကြီး/ ပြည်နယ် မန္တလေး	 [illegible]
ခရိုင် [illegible]	
မြို့နယ်/ ~~မြို့နယ်ခွဲ~~ [illegible]	
ရပ်ကွက်/ ~~ကျေးရွာအုပ်စု~~ [illegible]	
ကွင်း/ အကွက်အမှတ်နှင့်အမည် [illegible]	
ဦးပိုင်အမှတ်/ မြေကွက်အမှတ် [illegible]	[illegible]

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ/ ပိုင်ရှင်/ ဂရန်ရှင်/ အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
[illegible]	[illegible]	[illegible]	–	[illegible]	

ရေးကူးပေးသည့်အကြောင်းအရာ	[illegible]

(အထက်ပေါ်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် – [illegible]

လျှောက်လွှာတင်သည့်နေ့စွဲ – [illegible]

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ –

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော ([illegible]) ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် –

နေ့စွဲ –

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် –

နေ့စွဲ –

စိစစ်အတည်ပြုပါသည်။

ဦးစီးအရာရှိ

မြို့နယ်မြေစာရင်းနှင့်ဆွဲစုနှင့်ရေးနှင့်တင်းဘင်ဦးစီးဌာန

နေ့စွဲ

မြေစာရင်းပုံစံ - ၁၀၆

ဦးပိုင်တစ်ခုချင်း၏ ရာဇဝင်

ခရိုင် --- [illegible] --- မြို့နယ် --- [illegible] --- မြေတိုင်းစာရေးအုပ်စု --- [illegible] --- ကွင်း/အကွက်အမှတ်နှင့် အမည် --- [illegible] ---

ဦးပိုင်	ခုနှစ်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည်/ဂရန်ရှင်/ အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	အခွန်ကောက်သင့်ငွေ (ဒိုင်ကျိုးအပါအဝင်) (ကျပ်)	မည်ကဲ့သို့ပြောင်းလဲသည့်ညွှန်ပြချက်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉
၃၁	၂၀၁၈	-	[illegible]/၃၉	-	၂.၄၇		-	ဦးစိုးအာရာရှိ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန [illegible]

K 300

လျှောက်ထားသူ - [illegible]) အထက်ပါရေးကူးဖော်ပြသော အကြောင်းအရာသည် ၂၀၁၈ ခုနှစ်အတွက် နောက်ဆက်တွဲတိုင်းတာပြင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၁.၂.၂၀၁၈ မြေပုံနှင့် မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံရေးကူးကြောင်း သက်သေခံပါသည်။

လျှောက်သူသို့ လက်ခံပေးသည့်နေ့စွဲ -

ရေးကူးပေးသည့် အကြောင်းအရာ - [illegible]

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ပြုသည်)

အမှုတွဲထိန်း / မြေတိုင်းစာရေးလက်မှတ်

001628

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၁၅၆၇..../ ၂၀၀၅-၂၀၀၆

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ...သိန်းမင်းစက်မှုလုပ်ငန်းအဖွဲ့...ကုမ္ပဏီ.....
.....လီမိတက်.............................အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်
ကုမ္ပဏီအဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာ....လ၊ ၁၀ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ...လ၊ ၂၂ ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ....1567.......... of 2001-2002

I hereby certify that the tenure of ...THEIN MIN INDUSTRY GROUP.....
.......COMPANY LIMITED..............................incorporated under the
Myanmar Companies Act on ....10th.........NOVEMBER, ...2005..........
is renewed with effected from ......22nd..........DECEMBER, ...2014..........

For Director General
(Myo Min, Director)
Directorate of Investment and Company Administration

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးမောင်မောင်ဌေး (၁၂/ကတတ (နိုင်)၀၀၆၀၃၂)

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၄၇)၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၁-၂၅၀၂၇၉၊ ၂၅၆၂၇၉

(ဃ) ဒါရိုက်တာများ အမည်စာရင်း -

၁။ ဦးထင်ကျော်ဦး
၁၂/ရကန(နိုင်) ၀၄၄၀၂၉

၂။ ဦးကျော်ကျော်စိန်
၅/မရန (နိုင်) ၀၆၃၉၅၁

၃။ ဒေါ်အေးအေးမော်
၅/မရန (နိုင်) ၀၆၃၉၅၂

၄။ ဒေါ်သီတာ(ခ)ဒေါ်သီတာအေး
၅/မရန (နိုင်) ၀၆၃၉၅၄

၅။ ဒေါ်နန်းရတနာဝင်း
၇/ပခန (နိုင်) ၀၀၀၁၄၀

၆။ ဒေါ်တင်ဌေး
၅/မရန (နိုင်) ၀၃၂၆၂၃

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည်မှတ်ပုံတင်ရက်စွဲ (၁၀-၁၁-၂၀၁၄)မှ (၉-၁၁-၂၀၁၉)ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်၊ သက်တမ်း မကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထား ရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင်အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့် ရှိမည် ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်း ရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင် မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့(BOD)၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့ လျှောက်ထား ရမည်။

လာရောက်ထုတ်ယူသည့်ရက်စွဲ 19 DEC 2014

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း၊ညွှန်ကြားရေးမှူး)

5269

The Government of the Republic of the Union of Myanmar

Ministry of Commerce

Directorate of Trade

CERTIFICATE OF EXPORTER/IMPORTER REGISTRATION

1. Enterprise Name (မြန်မာ/အင်္ဂလိပ်): Thein Min Industry Group Co., Ltd.

2. Registration No: [redacted]

3. Registration Term: [redacted]

4. Start Date: [redacted]

5. End Date: [redacted]

Address: (မြန်မာ/အင်္ဂလိပ်) No.47, Bayintnaung Road, Hlaing T/S, Yangon Region, Myanmar

7. Business Registration No: [redacted]

8. Type of Business: (မြန်မာ/အင်္ဂလိပ်)
- ☐ Sole Proprietorship(တစ်ဦးတည်းပိုင်)
- ☐ Partnership(အစုစပ်)
- ☐ Limited Company(လီမိတက်ကုမ္ပဏီ)(Myanmar/Foreign)
- ☐ Co-operative Society(သမဝါယမအသင်း)
- ☐ Others(Please specify) အခြား(ဖော်ပြရန်) [illegible]

9. Type of Service: ○ New ● Extension

10. Contact No:

Telephone No.	Fax No.	e-mail
681571 682368 683225 256279	2550280	theinmin@mptmail.net.mm

Remarks:

12. Terms and Conditions: စည်းကမ်းချက်များ

I hereby register the above mentioned enterprise as Exporter/Importer subject to the following terms and conditions: (အောက်ဖော်ပြပါစည်းကမ်းချက်များဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခွင့်ပြုသည်)

(a) Line of goods permitted - all items except prohibited and restricted items.
ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် - တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းအမယ်များမှလွဲ၍ ကျန်ကုန်ပစ္စည်းများအားလုံး

(b) The enterprise must abide by the Export/Import rules and Regulations prescribed for the registered Exporters/Importers.(လုပ်ငန်းရှင်သည် မှတ်ပုံတင် ပို့ကုန်သွင်းကုန် လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာရမည်)

Stamp

ရက်စွဲ 23.12.2014

For Director General

ဝင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူး

EIREGEX1214216EIREGEX12130012

FORM VI

RETURN OF ALLOTMENTS
THE MYANMAR COMPANIES ACT.

(See Section 104)

(To be filed with the Registrar within one month after the Allotment is made)

Return of allotment from the 18th of November 2005

on the 18th of Nov 2005 of the THEIN MIN INDUSTRY GROUP CO., LTD.

Made pursuant to Section 104(1)

Number of the shares allotted payable in cash ..... 50000 Shares

Nominal amount of the shares so allotted ..... Ks. 500,000,000/-

Amount paid or due and payable on each such share ..... Ks. 10,000/- (Fully Paid Up)

Number of ordinary shares allotted for a consideration other than cash

Nominal amount of the ordinary shares so allotted .....

Amount to be treated as paid on each such share .....

The consideration for which such share have been allotted is as follows:-

---

NOTE: In making a return of allotments under Section 104(1) the Myanmar Companies Act., it is to be noted that-

1. When a return includes several allotments made on different dates, the actual date of only the first and last of such allotment should be entered at the tip of the front page, and the registration of the return should be effected within one month of the first date.

2. When a return relates to one allotment only, made on one particular date, that date only should be inserted and the spaces for the second date struck out and the world made substituted for the world "From" after the world "allotments" above.

Here insert name of Company.

Distinguish between preference, ordinary, or other description of shares.

Presented for filing by : U Maung Maung Htay (M.D)

Name, Address and Description of Allotees

Names & N.R.C No	Address	Description	Number of Shares Allotted	
			Preference	Ordinary
1. U Maung Maung Htay 12/KaTaTa(Naing) 006031.	No.9, Kanbawza Avenue, Bahan Township, Yangon.	Merchant	၁၀၀	10000 ၂၀%
2. Dr. Htin Kyaw Oo 12/YaKaNa(Naing) 044029	No.11/B, Kanbawza Avenue, Bahan Township, Yangon.	Merchant	၁၀၀	10000 ၂၀%
3. U Kyaw Kyaw Sein 5/MaYaNa(Naing) 063951	No.9/B, Kanbawza Avenue, Bahan Township, Yangon.	Merchant	၁၀၀	10000 ၂၀%
4. Daw Aye Aye Maw 5/MaYaNa(Naing) 063952	No.9/3, Bogyoke Aung San Street, Aung Chan Thar Quarter, Monywa, Sagaing Division.	Merchant	၅၀	5000 ၁၀%
5. Daw Thida @ Daw Thida Aye 5/MaYaNa(Naing) 063954.	No.465, Bogyoke Aung San Street, Kway Gyi Quarter, Monywa, Sagaing Division.	Merchant	၅၀	5000 ၁၀%
				40000Shares

Signature

MANAGING DIRECTOR
THEIN MIN INDUSTRY GROUP CO., LTD.

Date 18th, November, 2005

...sented for filing by : U Maung Maung Htay (M.D)

Name, Address and Description of Allotees

Names & N.R.C No	Address	Description	Number of Shares Allotted	
			Preference	Ordinary
			B/F	40000
Daw Nan Yadanar Win 7/PaKhaNa(Naing) 000140	No.9/B, Kanbawza Avenue, Bahan Township, Yangon.	Merchant		5000
[illegible] Tin Htay 5/MaYaNa(Naing) 032623	No.465,Bogyoke Aung San Street, Kway Gyi Quarter, Monywa, Sagaing Division.	Merchant		5000
			Total :	50000Shares

Signature

MANAGING DIRECTOR

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Presented by : U Maung Maung Htay (M.D)

Name of Company : THEIN MIN INDUSTRY GROUP CO., LTD.

	The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1	U Maung Maung Htay	Myanmar 12/KaTaTa (Naing) 006031	No.9, Kanbawza Avenue, Bahan Township, Yangon.	Merchant	Managing Director
2	Dr. Htin Kyaw Oo	Myanmar 12/YaKaNa (Naing) 044029	No.11/B, Kanbawza Avenue, Bahan Township, Yangon.	Merchant	Director
3	U Kyaw Kyaw Sein	Myanmar 5/MaYaNa (Naing) 063951	No.9/B, Kanbawza Avenue, Bahan Township, Yangon.	Merchant	Director
4	Daw Aye Aye Maw	Myanmar 5/MaYaNa (Naing) 063952	No.9/3, Bogyoke Aung San Street, Aung Chan Thar Quarter, Monywa, Sagaing Division.	Merchant	Director

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of............" and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

Designation .... MANAGING DIRECTOR

Dated this 18th November, 2005

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company: THEIN MIN INDUSTRY GROUP CO.,LTD.

Presented by: U Maung Maung Htay (...

	The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
5	Daw Thida @ Daw Thida Aye	Myanmar 5/MaYaNa (Naing) 063954	No.465, Bogyoke Aung San Street, Kway Gyi Quarter, Monywa, Sagaing Division.	Merchant	Director
6	Daw Nan Yadanar Win	Myanmar 7/PaKhaNa (Naing) 000140	No.9/B, Kanbawza Avenue, Bahan Township, Yangon.	Merchant	Director
7	Daw Tin Htay	Myanmar 5/MaYaNa (Naing) 032623	No.465, Bogyoke Aung San Street, Kway Gyi Quarter, Monywa, Sagaing Division.	Merchant	Director

NOTE: (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.


(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ...." and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 18th November, 2005

Signature ....

Designation MANAGING DIRECTOR





028522

THE MYANMAR COMPANIES ACT

LIST OF SHAREHOLDERS.

FORM E.

(As required by part II of the Act. See Section 32)

* * ● * *

SUMMARY OF SHARE CAPITAL AND SHARES OF THE

THEIN MIN INDUSTRIAL GROUP - COMPANY LIMITED

Made up to the 24th *day of* October *being the day of the*

first Ordinary General Meeting in 2012

Nominal Share Capital – K 1,000,000,000/-		
Divided into * 100000 Shares of K.10,000/- each		
and Shares of K. each		
and Shares of K. each		
and Shares of K. each		
Total number of shares taken up to the 24th day October, 2012		50000 Shares....
(This number must agree, with the total shown in the list; as held by existing members)		
Numbers of Shares issued subject to payment wholly in cash		
Numbers of Shares issued as fully paid-up otherwise than in cash		
Numbers of Shares issued as partly paid-up to the extent of per share otherwise than in cash		
• There has been called up on each of 50000 Shares	K.	Ks.10,000/-........ (Fully Paid Up)
There has been called up on each of Shares	K.	
There has been called up on each of Shares	K.	....
+ Total amount of calls received including payments on application and allotment	K.	Ks.500,000,000/-
Total amount agreed to be considered as paid shares which have been issued as fully paid up otherwise than in cash	K.	....
Total amount agreed to be considered as paid shares which have been issued as Partly paid-up to the extent of.... .... per Share	K.	....
Total amount of Calls unpaid	K.	....
Total amount of sums paid by way of commission in respect of shares or debentures or allowed by way of discount since date of last summary	K.	....
Total amount of shares forfeited	K.	....
Aggregate number of shares forfeited	K.	....
Total amount of Shares and stock for which share- warrants are outstanding	K.	....
Total amount of share-warrants issued	K.	....
Do do surrendered since date of last summary	K.	....
Number of shares or amount of stock comprised in each share-warrant	K.	....
Total amount of debt due from the Company in respect of all Mortgages and Charges which are required to be registered with the Registrar under this Act	K.	

FORM E-Contd.

LIST OF PERSONS HOLDING SHARES IN THE ....

On the ______________________ day of

And of Persons who have held shares here in at any time

Addresses and account:

NAMES ADDRESSES AND OCCUPATIONS.

Folio in register	Name in Full	Father's Name.	Address	Occupation or Casts	*Nationally
1	U Maung Maung Htay		No.9(A),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
2	Dr.Htin Kyaw Oo		No.11(B),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
3	U Kyaw Kyaw Sein		No.9(B),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
4	Daw Aye Aye Maw		No.9(A),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
5	Daw Thidar @ Daw Thidar Aye		No.11(B),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
6	Daw Nan Yadanar Win		No.9(B),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar
7	Daw Tin Htay		No.9(A),Kanbawza Yeiktha Rd;Bahan T/S, Yangon.	Merchant	Myanmar

MANAGING DIRECTOR

THEINGI MIN INDUSTRY GROUP CO., LTD.

IN MIN INDUSTRY GROUP COMPANY LIMITED

October, 2012

Since the date of last return, showing their names and Of the shares so held.

	ACCOUNT OF SHARES.					
Date and number of certificate of citizenship if issued by Government of the Union of Myanmar	Number of shares held by existing Members at date of return	Particulars of Shares Transferred since the date of the last return by persons who are still Members		Particulars of Shares Transferred since the date of the last return by persons who Ceased to be Members		REMARKS.
		Number	Date of Registration of Transfer	Number	Date of Registration of Transfer	
2/Ka Ta Ta (N[illegible]ng) [illegible]031	10000					
2/Ya Ka Na (Naing) 044029	10000					
/Ma Ya Na (Naing) 063951	10000					
/Ma Ya Na (Naing) 063952	5000					
/[illegible]a Na ([illegible]ing) 063954	5000					
/Pa Kha Na (Naing) 000140	5000					
/Ma Ya Na (Naing) 032623	5000					
Total:	50000	Shares				

FORM E-Contd.

Names and addresses of the persons who are the DIRECTORS of the

THEIN MIN INDUSTRY GROUP COMPANY LIMITED

On the .... day of .... October, 2012

NAME	ADDRESS	FOREIGNERS	Nationality Citizens of the Union of Myanmar
1. U Maung Maung Htay	No.9(A), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 12/KaTaTa(Na[illegible]) 006031
2. Dr.Htin Kyaw Oo	No.11(B), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 12/YaKaNa(Naing) 044029
3. U Kyaw Kyaw Sein	No.9(B), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 5/MaYaNa(Naing) 063951
4. Daw Aye Aye Maw	No.9(A), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 5/MaYaNa(Naing) 063952
5. Daw Thidar @ Daw Thidar Aye	No.11(B), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 5/MaYaNa(Na[illegible]) 063954
6. Daw Nan Yadanar Win	No.9(B), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 7/PaKhaNa(Naing 000140
7. Daw Tin Htay	No.9(A), Kanbawza Yeiktha Rd; Bahan T/S, Yangon.		Myanmar 5/MaYaNa(Naing) 032623

MANAGING DIRECTOR
THEIN MIN INDUSTRY GROUP CO., LTD.

5

FORM E-Contd.

Names and addresses of the persons who are the MANAGERS of the ....THEIN MIN INDUSTRY GROUP........ COMPANY LIMITED

On the ....day of........ October, 2012

NAME	ADDRESS	FOREIGNERS	Nationality Citizens of the Union of Myanmar
	- Nil -		

I also hereby certify that the company has not since the date of incorporation issued any invitation to the public to subscribe for any shares or debenture of the company.

Note- Banking Companies must add a list of all their places of business.

I U Maung Maung Htay (M.D) do here by certify that the above list

THE MYANMAR COMPANIES ACT

___ : o : ___

FORM E.

___ : o : ___

NAME OF THE COMPANY

THEIN MIN INDUSTRY GROUP CO.,LTD

REGISITERED OFFICE

No. 47, Bayintnaung Road, Hlaing Township, Yangon.

MANAGING AGENIS :

MANAGING DIRECTOR
THEIN MIN INDUSTRY GROUP CO., LTD.

Summary of share Capital and Shares.

List of Persons holding Shares.

Names and Addresses of Directors .

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ
မုံရွာဝါကြိတ်စက်ရုံအား
ငှားရမ်းခြင်းသဘောတူစာချုပ်အားပြင်ဆင်သည့်
ဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

နှင့်

THEIN MIN INDRUSTRY GROUP Co., Ltd

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်

ဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်

ဤဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁၅) ရက်၌ ဦးကျော်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စားပြုသော နေပြည်တော်၊ရုံးအမှတ်(၃၀)တွင် တည်ရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ (နောင်တွင်"အငှားချထားသူ" ဟု ခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) က တစ်ဖက်နှင့် ဦးမောင်မောင်ဌေး၊ မန်နေဂျင်းဒါရိုက်တာ(နိုင်ငံသားစိစစ်ရေးကဒ်အမှတ်-၁၂/ကတတ (နိုင်)၀၀၆၀၃၁) ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ် ၉(B)၊ ကမ္ဘောဇရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော THEIN MIN INDUSTRY GROUP Co., Ltd (နောင်တွင်"အငှားချထားခြင်းခံရသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခံရသူများနှင့် တရားဝင်ကိုယ်စားလှယ်များပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ ဤဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်ကို နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်-

(က) "အငှားချထားသူ"နှင့်"အငှားချထားခြင်းခံရသူ" တို့အကြား စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့နယ်ရှိ မုံရွာဝါကြိတ်စက်ရုံ ငှားရမ်းခြင်းသဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ် (နောင်တွင် "မူလစာချုပ်" ဟု ခေါ်တွင်ရမည် ဖြစ်သည်) ချုပ်ဆို၍ငှားရမ်းခဲ့သည်ကတစ်ကြောင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၉.၁.၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ် ၃/၂၀၁၂ ၏သဘောတူခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၃.၂.၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀(ခ)(၄)(၁၈၉/၂၀၁၂) ညွှန်ကြားစာဖြင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန အမည်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၅.၁.၂၀၁၅ ရက်တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် ၂/၂၀၁၅ ၏သဘောတူခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁.၅.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀(က)(၁)(၉၃၁(က)/၂၀၁၅)ညွှန်ကြားစာဖြင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စိုက်ပျိုးရေးဦးစီးဌာန အမည်ဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်ကတစ်ကြောင်း၊

ငှားရမ်းဧရိယာတွင် ဝါကြိတ်လုပ်ငန်းနှင့်ဆက်စပ်သည့်ဂွမ်းကပ် မွေ့ယာ ထုတ်လုပ်သည့်လုပ်ငန်း ထပ်မံ တိုးချဲ့ ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါ ဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စ ထုတ်လုပ်ခြင်းအတွက် လိုအပ်သော စက်ပစ္စည်းများ ထပ်မံ တပ်ဆင်၍ စက်ရုံဒ္ဌပင် ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည်ကတစ်ကြောင်း၊

(ဃ) စာချုပ်ပြင်ဆင်ခွင့်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၂.၁၂.၂၀၁၅ ရက်စွဲပါစာအမှတ် ၄/၂၂၀(က)(၁)(၂၇၀၂/၂၀၁၅) ဆုံးဖြတ်ချက်အရ တစ်ကြောင်း၊

(ဃ) မူလစာချုပ်အပိုဒ် ၁၈ စာချုပ်အားပြန်လည်ညှိနှိုင်းခြင်းနှင့် အပိုဒ် ၁၉ ပြင်ဆင်ခြင်းတွင် စာချုပ်ကို ပြန်လည်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းကို စာချုပ်ဝင် နှစ်ဦးနှစ်ဖက် စာဖြင့် ရေးသား၍ သဘောတူညီချက်ရရှိပါက စာချုပ်ကို ပြန်လည် ပြင်ဆင်ခွင့်ရှိစေရမည် ဟု ဖော်ပြထားသည်ကတစ်ကြောင်း၊

(င) မူလစာချုပ်ပါ အချို့စည်းကမ်းချက်များအား ထပ်မံဖြည့်စွက်လိုခြင်းနှင့် အစားထိုးပြင်ဆင်လိုခြင်းတို့ကြောင့်တစ်ကြောင်း အောက်ပါ စည်းကမ်းချက်များနှင့်အညီ ဤပြင်ဆင်ချက်သဘောတူစာချုပ်ကို ချုပ်ဆိုခြင်း ဖြစ်ပါသည်။

၁။ မူလစာချုပ်၏ အငှားချထားခြင်းခံရသူ၏တာဝန် ခေါင်းစဉ်အောက်ရှိ အပိုဒ် ၆ စာပိုဒ်တွင် အောက်ပါ စာပိုဒ်အား အပိုဒ်ခွဲ (ခ)အဖြစ် ထပ်မံ ဖြည့်စွက်ရမည်-

၆။ (ခ) အငှားချထားခြင်းခံရသူအနေဖြင့်ငှားရမ်းဧရိယာပေါ်တွင် ဝါကြိတ်လုပ်ငန်းနှင့်ဆက်စပ်သည့် ဂွမ်းကပ် မွေ့ယာ ထုတ်လုပ်သည့်လုပ်ငန်း ထပ်မံ တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါ ဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စထုတ်လုပ်ခြင်းအတွက် လိုအပ်သော စက်ပစ္စည်းများ ထပ်မံ တပ်ဆင်၍ စက်ရုံဦပင် ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်၊

၂။ မူလစာချုပ်၏ ငှားရမ်းသည့်ကာလ ခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၀ စာပိုဒ်အား ပယ်ဖျက်၍ အောက်ပါစာပိုဒ် (က) (ခ) တို့ဖြင့် အစားထိုးပြင်ဆင်ရမည်-

၁၀။ (က) ငှားရမ်းခြင်းကာလမှာ မူလစာချုပ် ချုပ်ဆိုခဲ့သည့် ၄.၇.၂၀၁၂ ရက်နေ့မှစ၍ (၅၀)နှစ်ဖြစ်သည်။ သက်တမ်းတိုးလိုပါက အငှားချထားသူ၏ အတည်ပြုချက်ဖြင့် တစ်ကြိမ်လျှင် (၁၀)နှစ် သက်တမ်းဖြင့် သက်တမ်း (၂)ကြိမ် တိုးမြှင့်နိုင်သည်။

(ခ) အငှားချထားခြင်းခံရသူအနေဖြင့် ငှားရမ်းဧရိယာပေါ်တွင် တင်ပြခဲ့သည့် ဝါကြိတ်လုပ်ငန်းနှင့် ဆက်စပ်သည့် ဂွမ်းကပ် မွေ့ယာ ထုတ်လုပ်သည့် လုပ်ငန်း ထပ်မံ တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါ ဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စထုတ်လုပ်ခြင်းအတွက် လိုအပ်သော စက်ပစ္စည်းများ ထပ်မံ တပ်ဆင်၍ စက်ရုံဦပင် ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါက ငှားရမ်းသက်တမ်းအား ပြန်လည် ပြင်ဆင် သတ်မှတ်ရန် သဘောတူညီပါသည်။

၃။ မူလစာချုပ်နှင့် ပြင်ဆင်ချက်သဘောတူစာချုပ်၏ ငှားရမ်းခ ခေါင်းစဉ်အောက်ရှိ အပိုဒ် ၁၁ စာပိုဒ်တွင် အောက်ပါစာပိုဒ်အား အပိုဒ်ခွဲ (ဃ)အဖြစ် ထပ်မံ ဖြည့်စွက်ရမည်-

၁၁။ (ဃ) အငှားချထားခြင်းခံရသူအနေဖြင့်ငှားရမ်းဧရိယာပေါ်တွင် ဂါကြိတ်လုပ်ငန်း နှင့်ဆက်စပ်သည့် ဂွမ်းကပ် မွေ့ယာ ထုတ်လုပ်သည့်လုပ်ငန်း ထပ်မံ တိုးချဲ့ ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါ ဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စထုတ်လုပ်ခြင်းအတွက် လိုအပ်သော စက်ပစ္စည်းများ ထပ်မံ တပ်ဆင်၍ စက်ရုံ၌ပင် ထုတ်လုပ်ခြင်း စသည့် ကုမ္ပဏီမှတင်ပြစာတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းတစ်ခုအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး (၆)လအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား အငှားချထားသူထံသို့စာဖြင့်တင်ပြရန်နှင့် အငှားချထားသူအနေဖြင့် ထိုအချိန်ကာလ၊ ဒေသပေါက်ဈေးအရ စိစစ်တွက်ချက်၍ ငှားရမ်းခနှုန်းထားကို တိုးမြှင့် သတ်မှတ်ရန် သဘောတူညီပါသည်။

၄။ မူလစာချုပ်၏ စာချုပ်သက်တမ်းတိုးခြင်းခေါင်းစဉ်အောက်ရှိအပိုဒ် ၁၂(က)နှင့်(ခ) စာပိုဒ်များအား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

၁၂။ အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ငှားရမ်းလိုပါက စာချုပ်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး(၆)လ ကြိုတင်၍ ငှားရမ်းလိုသည့်ကာလကို ဖော်ပြပြီး အငှားချထားသူထံသို့ စာဖြင့်တင်ပြရမည် ဖြစ်သည်။ ထပ်မံငှားရမ်းမည့်ကာလအတွက် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသတ်မှတ်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူညီပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရယူပြီး စာချုပ်သက်တမ်းကို တိုးမြှင့် နိုင်ပါသည်။

၅။ အပိုဒ် ၉ စာပိုဒ်၏အောက်တွင် အပိုဒ် ၉(က) အဖြစ် မူလစာချုပ်တွင် ပါဝင်ခဲ့ခြင်းမရှိသည့် စာချုပ်သက်တမ်း ခေါင်းစဉ်ဖြင့် အောက်ပါစာပိုဒ်အား ထည့်သွင်းရမည်-

စာချုပ်သက်တမ်း

၉(က)။ ဤစာချုပ်သက်တမ်းသည် အငှားချထားသည့်မြေကို တရားဝင်လွှဲအပ်ပေးသည့် ၄.၇.၂၀၁၂ ရက်နေ့မှ စ၍ (၅၀)နှစ် ဖြစ်သည်။

၆။ မူလစာချုပ်၏ အကြောင်းကြားစာ ခေါင်းစဉ် အောက်ရှိအပိုဒ် ၂၇(က)နှင့်(ခ) စာပိုဒ်များအား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

(က) **အငှားချထားသူ**

(၁)	အမည်	-	ဦးကျော်ရွှေ
(၂)	ရာထူး	-	ညွှန်ကြားရေးမှူးချုပ်
(၃)	လိပ်စာ	-	စိုက်ပျိုးရေးဦးစီးဌာန

(၄) ဖုန်းအမှတ် - ၀၆၇- ၄၃၀၁၁၀၀
(၅) ဖက်(စ်) - ၀၆၇- ၄၃၀၁၁၅
(၆) အီးမေးလ် - micdemoai@gmail.com

(ခ) အငှားချထားခြင်းခံရသူ

(၁) အမည် - ဦးမောင်မောင်ဌေး
(၂) ရာထူး - မန်နေးဂျင်းဒါရိုက်တာ
THEIN MIN INDUSTRY GROUP Co., Ltd
(၃) လိပ်စာ - အမှတ်-၉(B)၊ကမ္ဘာ့ဇရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(၄) ဖုန်းအမှတ် - ၀၉-၅၀၀၀၇၂၀၊၀၉-၈၆၃၃၁၀၂
(၅) ဖက်(စ်) - ၀၁- ၆၁၈၄၆၂
(၆) အီးမေးလ် - -

၇။ ဤပြင်ဆင်ချက်သဘောတူစာချုပ်သည် မူလစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူရမည်။

၈။ အထက်ဖော်ပြပါပြင်ဆင်ဖြည့်စွက်သော စည်းကမ်းချက်များမှအပ မူလစာချုပ်၏ ကျန်စည်းကမ်းချက်များသည် ပြောင်းလဲမှုမရှိဘဲ ဆက်လက်အကျိုးသက်ရောက်မှု ရှိရမည်။

၉။ ဤပြင်ဆင်ချက်သဘောတူစာချုပ်သည် စာချုပ်ဝင်များနှစ်ဖက် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်သည်။

ဤစာချုပ်ချုပ်ဆိုသူများကအထက်တွင် ပထမဆုံးရေးသားဖော်ပြထားသည့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်၌ မိမိတို့၏တံဆိပ်များကို ခပ်နှိပ်ကြလျက် လက်မှတ်ရေးထိုး အတည်ပြုကြပါသည်။

အငှားချထားသူ(ကိုယ်စား) | အငှားချထားခြင်းခံရသူ(ကိုယ်စား)

ထိုးမြဲလက်မှတ် ----------------------	ထိုးမြဲလက်မှတ် --------------------
အမည် - ဦးကျော်ရွှေ	အမည် - ဦးမောင်မောင်ဌေး
ရာထူး - ညွှန်ကြားရေးမှူးချုပ်	ရာထူး - မန်နေးဂျင်းဒါရိုက်တာ
ဌာန - စိုက်ပျိုးရေးဦးစီးဌာန	THEIN MIN INDUSTRY GROUP Co.,Ltd

အသိသက်သေ | အသိသက်သေ

ထိုးမြဲလက်မှတ် ----------------------	ထိုးမြဲလက်မှတ် --------------------
အမည် - ဦးအောင်မော်	အမည် - ဦးဌေးဝင်း
ရာထူး - ညွှန်ကြားရေးမှူး	ရာထူး - မန်နေဂျာ
ဌာန - စိုက်ပျိုးရေးဦးစီးဌာန (ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ)	နိုင်ငံသားစိစစ်ရေးကဒ်-၅/မရန(နိုင်)၀၆၁၄၇၄

THEIN MIN INDUSTRY GROUP COMPANY LIMITED
No............
Date............

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၂၅၁ /နပတ(၁၃၄၈)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)ပိုင်မုံရွာဝါးကြိတ်စက်ရုံအား ငှားရမ်းခြင်း အတွက် ဒုတိယအကြိမ်ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပေါ်သဘောထားမှတ်ချက်ပေးပါရန်ကိစ္စ

ရည် ညွှန်း ချက် ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၁-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄/၉၁(က)(၃)(၂၆၉၃ / ၂၀၁၅)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)ပိုင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာဝါကြိတ်စက်ရုံအား THEIN MIN INDUSTRY GROUP Co., Ltd သို့ ငှားရမ်းခြင်းစာချုပ်အား ဒုတိယအကြိမ်ပြင်ဆင်မည့် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စရပ်ဖြစ်ပါသည်။

၂။ ပေးပို့လာသော ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)သည် ငှားရမ်းဧရိယာတွင် ဝါကြိတ်လုပ်ငန်းနှင့် ဆက်စပ်သည့် ဂွမ်းကပ်မွေ့ယာထုတ်လုပ်သည့်လုပ်ငန်း ထပ်မံတိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါဂွမ်းကပ်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စထုတ်လုပ်ခြင်းအတွက် လိုအပ်သောစက်ပစ္စည်းများ ထပ်မံ

တပ်ဆင်၍ စက်ရုံ၌ပင်ထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုခြင်းတို့ကြောင့်လည်းကောင်း၊ မူလစာချုပ်ပါစည်းကမ်းချက်အချို့အားထပ်မံဖြည့်စွက်လိုခြင်းနှင့် အစားထိုးပြင်ဆင်လိုခြင်းတို့ကြောင့်လည်းကောင်း ဤပြင်ဆင်ချက်သဘောတူစာချုပ်ကို ချုပ်ဆိုလိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပေးပို့လာသော ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)၏ စာချုပ်ဝင်အပိုဒ် (ဃ)တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အမှတ်စဉ်နှင့် ရက်စွဲတို့အား ကွက်လပ်များဖြင့် ဖော်ပြထားရာ စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာဖြည့်စွက်ပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ခ) ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) အပိုဒ် ၂၊ မူလစာချုပ်၏အပိုဒ် ၁၀ ငှားရမ်းသည့်ကာလတွင် အစားထိုးပြင်ဆင်မည့် စည်းကမ်းချက်အပိုဒ်ခွဲ (ခ)၌ "အငှားချထားခြင်းခံရသူအနေဖြင့် ငှားရမ်းဧရိယာပေါ်တွင် ------------ လိုအပ်သော စက်ပစ္စည်းများ ထပ်မံတပ်ဆင်၍ စက်ရုံ၌ပင် ထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါက ငှားရမ်းသက်တမ်းအား ပြန်လည်ပြင်ဆင်သတ်မှတ်ရန် သဘောတူညီပါသည်" ဟုဖော်ပြထားသော်လည်း ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) ၏ စာချုပ်ဝင် အပိုဒ်(ဂ) တွင် ငှားရမ်းဧရိယာတွင် ဝါကြိတ်လုပ်ငန်းနှင့်ဆက်စပ်သည့်ထပ်မံတိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းနှင့် အဆိုပါဂွမ်းကပ်ထုတ်လုပ်မှုအတွက်လိုအပ်သောကုန်ကြမ်းများဖြစ်သည့် ချည်နှင့်ပိတ်စထုတ်လုပ်ခြင်းအတွက်လိုအပ်သော စက်ပစ္စည်းများ ထပ်မံတပ်ဆင်၍ စက်ရုံ၌ပင်ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လိုခြင်း တို့ကြောင့်

ဤပြင်ဆင်ချက်စာချုပ်အားချုပ်ဆိုခြင်းဖြစ်ကြောင်းဖော်ပြထားရာ စည်းကမ်းချက်အချင်းချင်း ကွဲလွဲနေသည်ဟုယူဆပါသည်။ ဌာနမှပြန်လည်စိစစ်သင့်ပါသည်၊

(ဂ) ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) အပိုဒ် ၃၊ မူလစာချုပ်၏အပိုဒ် ၁၁ ငှားရမ်းခတွင်ထပ်မံဖြည့်စွက်မည့်စည်းကမ်းချက်အပိုဒ် (ဃ) တွင် "ကုမ္ပဏီမှတင်ပြစာတွင်ပါဝင်သောစီးပွားရေးလုပ်ငန်းတစ်ခု" ဆိုသည်မှာ မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိပါ။ အဆိုပါစီးပွားရေးလုပ်ငန်းအား စာချုပ်တွင်ထည့်သွင်းဖော်ပြသင့်ပြီး စာချုပ်ပါလုပ်ငန်းကိုသာ ဆောင်ရွက်ရန် ခွင့်ပြုသင့်ပါသည်။ ဌာနမှ ပြန်လည်စိစစ်ရန်လိုအပ်ပါသည်၊

(ဃ) ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) အပိုဒ် ၄၊ မူလစာချုပ်၏အပိုဒ် ၁၂ စာချုပ်သက်တမ်းတိုးခြင်းတွင် အစားထိုးပြင်ဆင်မည့် စည်းကမ်းချက်၌ စာချုပ်သက်တမ်းတိုးခြင်းစည်းကမ်းချက်အပြင် ငှားရမ်းခနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်လည်းပါဝင်နေသည် ကိုတွေ့ရှိရပါသည်။ အဆိုပါစည်းကမ်းချက်အားငှားရမ်းခခေါင်းစဉ်အောက်တွင် ထည့်သွင်းဖော်ပြသင့်သဖြင့်ဌာနက ပြန်လည်စိစစ်ရန်လိုအပ်ပါသည်၊

(င) မူလစာချုပ်၏ အပိုဒ် ၁၉ ပြင်ဆင်ခြင်းတွင် စာချုပ်ပါစည်းကမ်းချက်များအား ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းကိုစာချုပ်ဝင် နှစ်ဦးမှ စာဖြင့်ရေးသား၍ သဘောတူညီချက်ရရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတည်ပြုချက်ဖြင့်ပြင်ဆင်ခွင့်ရှိကြောင်းဖော်ပြထားရာ ယခုဒုတိယအကြိမ်ပြင်ဆင်ချက်စာချုပ်အား ချုပ်ဆိုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်အား ရရှိထားပြီးဖြစ်ရန်လိုအပ်ပါသည်။ဌာနကပြန်လည်စိစစ်သင့်ပါသည်။

၄။ ဤ ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် အညီ ဥပဒေကြောင်းအရ သာ ဥပဒေအကြံဉာဏ်ပေးခြင်း ဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန် မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ ဤ ပြင်ဆင်ချက်စာချုပ် (မူကြမ်း)များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်း တင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၆။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ် (တာဝန်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

မုံရွာဝါကြိတ်စက်ရုံအား

ငှားရမ်းခြင်းသဘောတူစာချုပ်

စာချုပ်အမှတ် - ၃ / ၂၀၁၂

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နှင့်

THEIN MIN INDUSTRY GROUP COMPANY LIMITED

K 100000 K 100000

27 JUN 201

ငှားရမ်းရေးသဘောတူစာချုပ်

စာချုပ်အမှတ် - ၃/၂၀၁၂ ရက်စွဲ- ၄.၇.၂၀၁၂

၁။ ဤငှားရမ်းခြင်းသဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁.၆.၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၂၄/၂၅၇/အဖရ(၂၂/၂၀၁၂) ဖြင့် ခွင့်ပြုချက်အရ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊** နေပြည်တော်တွင် ၂၀၁၂ ခုနှစ် ဇူလိုင်လ (၄) ရက်၌ ဦးကျော်ရွှေ၊ **ညွှန်ကြားရေးမှူးချုပ်၊ ကိုယ်စားပြုသော** နေပြည်တော်၊ ရုံးအမှတ်(၅၀)တွင် တည်ရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ (နောင်တွင်"အငှားချထားသူ" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်) **က** တစ်ဖက်နှင့် ဦးမောင်မောင်ဌေး၊မန်နေဂျင်းဒါရိုက်တာ (နိုင်ငံသားစိစစ်ရေးကဒ်အမှတ်-၁၂/ကတတ(နိုင်) ၀၀၆၀၃၁) ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်(၉) ၊ ကမ္ဘာ့ဇေရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော THEIN MIN INDUSTRY GROUP COMPANY LIMITED (နောင်တွင် **"အငှားချထားခြင်းခံရသူ"** ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခံရသူများ၊ တရားဝင်ကိုယ်စားလှယ်များ ပါဝင်သည်) က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ ဤသဘောတူစာချုပ်ကို ချုပ်ဆိုခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်

၂။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနပိုင် မုံရွာဝါကြိတ်စက်ရုံကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ငှားရမ်းဆောင်ရွက်ပါမည်-

(က) ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံ့စီးပွားရေးတိုးတက်မြင့်တင်ရန်အတွက် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ခ) ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျော့ချရေး ရည်မှန်းချက်အရ ဝါစိုက်တောင်သူများ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ ဝင်ငွေတိုးတက်ရရှိ၍ လူနေမှုဘဝမြင့်မားတိုးတက်လာစေရန်၊

(ဂ) ဝါစိုက်တောင်သူများအတွက်အချိန်ကာလနှင့်တစ်ပြေးညီဝါဈေးနှုန်းများတိုးမြင့်ရရှိစေသဖြင့် ဝင်ငွေတိုးတက်လာသည်နှင့်အမျှ ချည်မျှင်ရှည်ဝါကို တိုးချဲ့စိုက်ပျိုးလာစေရန်၊

(ဃ) မုံရွာဝါကြိတ်စက်ရုံအား စက်ရွှမ်းအားပြည့် လည်ပတ်စေပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကဏ္ဍတွင် ခိုင်မာစွာ ရပ်တည်စေနိုင်ရန်၊

(င) နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေ တိုးတက်ရရှိသကဲ့သို့ စက်ရုံရှိလက်ရှိ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ စက်ရုံအလုပ်သမားများအတွက်လည်းကောင်း၊ ဝါစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ဝါစိုက်တောင်သူများအတွက်လည်းကောင်း၊ ဝင်ငွေ ပိုမို ရရှိ

THEIN MIN INDUSTRY GROUP CO., LTD.

27 JUN 20

သည့် နိုင်မာသောလုပ်ငန်းဖြင့် လုပ်ငန်းကို အဆင်ပြေချောမွေ့စွာ အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်၊

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၃။ "အငှားချထားသူ"သည် အငှားချထားသော မြေနေရာအဆောက်အဦ၊ စက်ပစ္စည်းများအား ပိုင်ဆိုင်သူဖြစ်ပြီး "အငှားချထားခြင်းခံရသူ" သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေများနှင့်အညီ ဖွဲ့စည်းထား၍ တရားဝင် ရပ်တည်ခွင့်ရှိသူ ဖြစ်သည့်အပြင် ဤသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ရန်အလို့ငှာ လုပ်ပိုင်ခွင့်အာဏာ၊ နိုင်မာသော ဘဏ္ဍာရေးရပ်တည်မှုနှင့် အခွင့်အာဏာရှိသူများဖြစ်ကြကြောင်း အသီးသီး ကိုယ်စားပြု အာမခံချက်ပေးကြပါသည်။

အငှားချထားသည့်ပစ္စည်း

၄။	(က)	**စက်ရုံပိုင်မြေ။**	မုံရွာဝါကြိတ်စက်ရုံတည်ရှိရာ နောက်ဆက်တွဲ (က) ပါ မြေဧရိယာ (၉.၇၈) ဧကအားငှားရမ်းရန် သဘောတူကြပါသည်။
	(ခ)	**အဆောက်အဦ။**	အငှားချထားသည့်စက်ရုံပိုင်မြေ (၉.၇၈) ဧကပေါ်ရှိ နောက်ဆက်တွဲ (ခ) ပါ ပင်မစက်ရုံ၊ ဂိုဒေါင် နှင့် အဆောက်အဦများကို ငှားရမ်းရန် သဘောတူညီပါသည်။
	(ဂ)	**စက်နှင့်စက်ပစ္စည်း။**	အငှားချထားသည့် မုံရွာဝါကြိတ်စက်ရုံ နောက်ဆက်တွဲ (ဂ) ပါ စက်နှင့်စက်ပစ္စည်းများ အားလုံးကို ငှားရမ်းရန် သဘောတူညီပါသည်။

အငှားချထားသူ၏တာဝန်

၅။ "အငှားချထားခြင်းခံရသူ" သည် ငှားရမ်းမှုသက်တမ်းနှင့် တိုးမြှင့်ငှားရမ်း သက်တမ်းအတွင်း အေးချမ်းသာယာစွာ လက်ဝယ်ထားရှိနိုင်စေရန်၊

အငှားချထားခြင်းခံရသူ၏ တာဝန်

၆။ (က) ငှားရမ်းသည့်အဆောက်အဦ နှင့် စက်ကိရိယာပစ္စည်းပြင်ဆင်ထိန်းသိမ်း စရိတ်များကိုအငှားချထားခြင်းခံရသူမှကျခံ၍ ကောင်းမွန်သော အခြေအနေ အစဉ်ရှိနေစေရေး တာဝန်ယူပြင်ဆင်ရမည်။ ငှားရမ်းသည့် စက်ကိရိယာပစ္စည်းများကို အငှားချထားခြင်းခံရသူအသုံးပြုစဉ် ကာလအတွင်း ပျက်စီး၊ ပျောက်ဆုံးပါက ငှားရမ်းစဉ် အခြေအနေအတိုင်း ပြန်လည် ပြင်ဆင်ပေးရန် အငှားချထားခြင်းခံရသူမှ တာဝန်ယူရမည်။

(ခ) စက်ရုံအား မူလဒီဇိုင်းနှင့် သွေဖီပြင်ဆင်လိုပါက အငှားချထားခြင်းခံရသူမှ အငှားချထားသူထံသို့ (၃)လ ကြိုတင်၍စာဖြင့် အကြောင်းကြားရမည်။ အငှားချထားသူဘက်မှ ကျွမ်းကျင်သူများက စစ်ဆေးလက်ခံမှသာ ပြောင်းလဲပြင်ဆင်ရမည်။

(ဂ) စက်ရုံအားငှားရမ်းလည်ပတ်စဉ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ် အငှားချထားသူဖက်မှ ကျွမ်းကျင်ပညာရှင်အဖွဲ့၏ စက်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ (Annual Checking) ကို အငှားချထားခြင်းခံရသူမှ သဘောတူညီပေးရမည်။

(ဃ) အငှားချထားသော စက်ရုံနှင့် စက်ရုံဧရိယာ (သို့မဟုတ်) ယင်းတို့၏အစိတ်အပိုင်း တစ်ခုခုပေါ်တွင် ဆောင်ရွက်သော လုပ်ရှားဆောင်ရွက်မှုများနှင့် စီစဉ်လုပ်ဆောင်သော လုပ်ငန်းများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် သေချာစွာလိုက်နာ ဆောင်ရွက်ရမည်။

(င) အငှားချထားခြင်းခံရသူသည် အငှားချထားသည့် စက်ရုံနှင့် အဆောက်အဦများအားလုံးကို ဝါသိုလှောင်ကြိတ်ခွဲခြင်း၊ စသည့်ဝါနှင့်သက်ဆိုင်သည့် လုပ်ငန်းအတွက်ကိုသာ အသုံးပြုရန်နှင့် မီးလောင်ပေါက်ကွဲလွယ်သောပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေသော ကုန်ပစ္စည်းများသိုလှောင်ခြင်းမပြုရန်။ (ပေါက်ကွဲလွယ်သောပစ္စည်း၊ ဆိုသည်မှာ ပစ္စည်းများရောနှော သိုလှောင်ခြင်းဖြင့် ၎င်းတို့အချင်းချင်း ဓါတ်ပြုပြီး မီးလောင်ပေါက်ကွဲနိုင်သည့် ပစ္စည်းများကို ဆိုလိုပါသည်)

(စ) အငှားချထားသည့်စက်ရုံနှင့် အဆောက်အဦများတွင် ဥပဒေနှင့်မလွတ်ကင်းသော လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တည်ဆဲတရားဥပဒေနှင့် ဆန့်ကျင်သော ကုန်ပစ္စည်းများသိုလှောင်ခြင်း၊ ခေတ္တထားသိုခြင်း လုံးဝမပြုလုပ်ရန်။

(ဆ) အငှားချထားသည့် စက်ရုံနှင့် ယင်းဧရိယာပေါ်ရှိ အဆောက်အဦများတွင် မူလလုပ်ငန်းနှင့်မသက်ဆိုင်သော အခြားစက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင်စသော စီးပွားရေးလုပ်ငန်းများအား လုပ်ကိုင်ခြင်းမပြုရန်။

(ဇ) ငှားရမ်းသည့်စက်ရုံနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦများတွင် ဝါနှင့်ဝါထွက်ပစ္စည်းကြိတ်ခွဲ၊ ထုပ်ပိုး၊ သိုလှောင်ခြင်းမှလွဲ၍ အခြားလုပ်ငန်းရပ်များဆောင်ရွက်ခြင်း မပြုရန်နှင့် ဆောင်ရွက်လိုသည့်ကိစ္စရပ်အတွက် အငှားချထားသူ၏ ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရန်။

(ဈ) ငှားရမ်းသည့် စက်ရုံနှင့် အဆောက်အဦများတွင် စာချုပ်ပါအတိုင်းဆောင်ရွက်ခြင်း ရှိ/မရှိကို ပိုင်ရှင်ဘက်မှ (၃)လတစ်ကြိမ် ဝင်ရောက်စစ်ဆေးမှု၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်။

(ည) အငှားချထားခြင်းခံရသူသည်မိမိငှားရမ်းထားသည့်မြေဧရိယာပေါ်ရှိ စက်ရုံ၊အဆောက်အဦ၊ စက်ကိရိယာများအားလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ ထပ်မံ၍ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန် အာမခံရမည်။

(ဃ) ငှားရမ်းစက်ရုံနှင့်သက်ဆိုင်သော အခွန်အခအားလုံးအား အငှားချထားခြင်းခံရသူမှ ပေးဆောင်ရမည်။

ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ

၇။ အငှားချထားသူမှ ငှားရမ်းမည့် စက်ရုံတွင် အသုံးပြုနေသည့် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများအား အငှားချထားခြင်းခံရသူသို့ ငှားရမ်းကာလအတွင်း ပေးအပ်သုံးစွဲရမည်။ ပူးတွဲဇယား (ဃ) ဖြင့် ဖော်ပြပါသည်။

အငှားချထားခြင်းခံရသူမှ မလိုအပ်ပါက ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများအား ပြန်လည်အပ်နှံခြင်း ပြုရမည်။

ဝန်ထမ်းများခန့်အပ်ခြင်း

၈။ (က) မုံရွာဝါကြိတ်စက်ရုံတွင် လက်ရှိတာဝန်ထမ်းဆောင် လျက်ရှိသည့် ဝန်ထမ်းများကို ဝန်ထမ်းများ၏ဆန္ဒနှင့်အညီ အငှားချထားခြင်းခံရသူက လုပ်ငန်းခွင်တွင် ဆက်လက်အသုံးပြု၍ ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် တာဝန် ထမ်းဆောင်ခွင့် ပြုရမည်။

(ခ) လွှဲပြောင်းဝန်ထမ်းများ၏မူရင်းလစာစရိတ်ကို နိုင်ငံတော်အစိုးရလစာနှုန်းထက် မနည်းပေးရမည်။ ထိုပြင်လွှဲပြောင်းဝန်ထမ်းများ၏ ပင်စင်ထည့်ဝင်ကြေးအားအငှားချထားခြင်းခံရသူမှ ကျခံပေးသွင်းရမည်ဖြစ်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အငှားချ ထားခြင်းခံရသူ၏ ဆန္ဒအရ စီစဉ် ဆောင်ရွက်ပေးရမည်။

(ဂ) ငှားရမ်းစဉ်ကာလအတွင်း သက်ပြည့်၊ နစ်ပြည့်၊ အငြိမ်းစားယူခြင်း ကိစ္စရပ်များအတွက် အငှားချထားသူမှ ဆောင်ရွက်ပေးရမည်။

(ဃ) ဝန်ထမ်းများ၏ တာဝန်ချိန်နှင့် ပတ်သက်၍ အလုပ်သမား ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်ဥပဒေများနှင့်အညီ အငှားချထား ခြင်းခံရသူမှ လိုက်နာဆောင်ရွက်ရမည်။

(င) အငှားချထားခြင်းခံရသူသည် လက်ရှိဝန်ထမ်းအပြင် လုပ်ငန်း အတွက် လိုအပ်သည့် ဝန်ထမ်းများကို ထပ်မံခန့်ထားလိုပါက အငှားချထားခြင်းခံရသူ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။

(စ) အငှားချထားခြင်းခံရသူသည် လက်ရှိဝန်ထမ်းများအား ဆက်လက်မခန့်ထားလိုသည့် သဘောဖြင့် ဝန်ထမ်းကိုယ်တိုင် နုတ်ထွက်လွှာတင်စေရန် ဖိအားပေး အကြပ်ကိုင်ခြင်း မပြုရပါ။

၁၀၀၀၀၀ကျပ် K 100000 ၁၀၀၀၀၀ကျပ် K 100000

27 JUN 201

ပြည်တွင်းရေးဆိုင်ရာပစ္စည်းများ

၉။ အငှားချထားသူမှ ဝယ်ယူထားသည့် ဝါကြိတ်စက်ရုံလည်ပတ်ရန်လိုအပ်သော အောက်ပါပစ္စည်းများအား သတ်မှတ်ငှားရမ်းခအတွင်းမှမဟုတ်ဘဲ မြေပြင်လက်ကျန်အရေအတွက်အတိုင်း ဝယ်ယူထားသည့်တန်ဖိုးနှင့် တွက်ချက်တန်ဖိုးသင့်၍ နှစ်ဖက်စစ်ဆေးပြီးသည့် ကျသင့်ငွေအား အငှားချထားခြင်းခံရသူမှ စာချုပ်ချုပ်ဆိုပြီး (၁) နှစ်အတွင်းပေးချေယူရမည်-

(က) **စက်အရံပစ္စည်း။** မုံရွာဝါကြိတ်စက်ရုံမှ ပစ္စည်း (၁၂၃) မျိုး၊ တန်ဖိုး (၇၁၇၂၅၂၉၀) ကျပ်အား အငှားချထားခံရသူမှပေးချေရမည်။ ပူးတွဲဇယား (င) ဖြင့် ဖော်ပြထားပါသည်။

(ခ) **ထုပ်ပိုးပစ္စည်း။** မုံရွာဝါကြိတ်စက်ရုံမှ ပစ္စည်း (၇) မျိုး၊ တန်ဖိုး (၃၁၅၄၅၂၅၅.၈၆) ကျပ်အား အငှားချထားခံရသူမှပေးချေရမည်။ ပူးတွဲဇယား (င-၁) ဖြင့်ဖော်ပြထားပါသည်။

ငှားရမ်းသည့်ကာလ

၁၀။ ငှားရမ်းမှုသက်တမ်း (၃၀) နှစ်ကို ဤစာချုပ်အားချုပ်ဆိုသည့် နေ့ရက်မှစတင်၍ ရေတွက်ရမည်။

ငှားရမ်းခ

၁၁။ (က) အငှားချထားသော စက်ရုံ၊ စက်ရုံဧရိယာနှင့် ဆောက်လုပ်ထားသောအဆောက်အဦများ၊ စက်ကိရိယာများအားတစ်နှစ်လျှင် ကျပ်သိန်း (၂၅၉) နှုန်းဖြင့် ငှားရမ်းကြရန် သဘောတူကြပါသည်၊

(ခ) **အငှားချထားခြင်းခံရသူသည်** အငှားချထားသောစက်ရုံ၊ စက်ရုံဧရိယာနှင့်ဆောက်လုပ်ထားသောအဆောက်အဦများ၊ စက်ကိရိယာများ ငှားရမ်းခတစ်နှစ်စာကို စာချုပ်မချုပ်ဆိုမီ (၁)လ ကြိုတင်၍ အငှားချထားသူထံသို့ အပြေအကျေပေးသွင်းရမည်၊

(ဂ) ကျန်ရှိသည့်နှစ်များအတွက် အငှားချထားသော စက်ရုံ၊ စက်ရုံဧရိယာနှင့် ဆောက်လုပ်ထားသောအဆောက်အဦများ စက်ကိရိယာများ၏ ငှားရမ်းခအား တစ်နှစ်တစ်ကြိမ် ငှားရမ်းကာလ မစေ့ရောက်မီ တစ်ပတ်အလိုတွင် ကြိုတင်၍ အပြေအကျေပေးချေရမည်။ စေ့ရောက်သည့်နေ့ရက်တွင် ပေးချေခြင်းမရှိပါက ဒဏ်ကြေးအဖြစ် တစ်လလျှင် တစ်နှစ်စာ ငှားရမ်းခ၏ (၂) % နှုန်းဖြင့် ထပ်ဆောင်းပေးချေရမည်၊

(ဃ) ငှားရမ်းခအား (၅)နှစ်တစ်ကြိမ် လုပ်ငန်းဆောင်ရွက်မှု အကျိုးအမြတ်အပေါ် သုံးသပ်၍ ပြန်လည်သတ်မှတ်ပြင်ဆင် စာချုပ်ချုပ်ဆိုရန် သဘောတူပါသည်။ ထိုသို့ သတ်မှတ်ရာတွင် နောက်ဆုံးသတ်မှတ်နှုန်းထက် (၁၀) % ပိုခြင်း၊ လျော့ခြင်း မပြုစေရပါ။

7 JUN 20

စာချုပ်သက်တမ်းတိုးခြင်း

၁၂။ (က) အငှားချထားခြင်းခံရသူသည်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦများ၊ စက်ကိရိယာများကို ဆက်လက် ငှားရမ်းလိုပါက စာချုပ်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး (၆) လ ကြိုတင်၍ ငှားရမ်းလိုသည့်ကာလကို ဖော်ပြပြီး အငှားချထား သူသို့ စာဖြင့် အကြောင်းကြားတင်ပြရမည်။

(ခ) အငှားချထားခြင်းခံရသူက (၃၀) နှစ်ငှားရမ်းသည့်ကာလ ပြည့်မြောက်ပြီးနောက် ဆက်လက်ငှားရမ်းလိုပါက (၆)လ ကာလကြိုတင်၍ ထပ်မံငှားရမ်းမည့်ကာလအတွက် ငှားရမ်းခနှုန်းထားကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသတ်မှတ်၍ အငှားချထားသူက သဘောတူလျှင် ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး စာချုပ်သက်တမ်းကို ညှိနှိုင်းတိုးမြှင့်နိုင်သည်။

စာချုပ်အကျိုးသက်ရောက်မည့်နေ့

၁၃။ ဤသဘောတူစာချုပ်သည်အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ တရားဝင်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စာချုပ်ရုပ်စဲခြင်း

၁၄။ (က) ဤစာချုပ်ကို ချုပ်ဆိုသူများသည် အောက်ဖော်ပြပါ အကြောင်းခြင်းရာ တစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် ဤသဘောတူစာချုပ်ကို ရုပ်စဲခွင့်ရှိစေရမည်၊

(၁) ပဋိညာဉ်စာချုပ်ဝင် တစ်ဖက်ဖက်မှ စာချုပ်ပါအဓိကတာဝန်များ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော မလွန်ဆန်နိုင်သော ဖြစ်ရပ်သည် တစ်ဆက်တည်း (၆) လကာလအထိကြာမြင့်ခြင်း၊

(၃) နှစ်ဖက်သဘောတူစာချုပ်ရုပ်စဲခြင်း၊

(၄) စာချုပ်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဤစာချုပ်ချုပ်ဆိုသူများ၏ လုပ်ငန်းရပ်စဲလိုကြောင်း စာဖြင့် ရေးသားတင်ပြချက်သည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးနောက်မှသာ အကျိုးသက်ရောက်မှု ရှိစေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၅။ ဤငှားရမ်းခြင်းသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်ခုခု ပေါ်ပေါက်လာပါက အဆိုပါ အငြင်းပွားမှုကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် နှစ်ဖက်စလုံးအကြား မိတ်ဆွေသဘောအရ ပြေအေးမှုရအောင် ဆောင်ရွက်ကြရမည်။ အငြင်းပွားမှုများကို အထက်ပါ

